# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် ‘ဒေါသ’ ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက် ၂၀၂၆ ခုနှစ်၊ ဧပြီ ၂၈ ရက်၊ အင်္ဂါနေ့ အတွဲ (၆၅)၊ အမှတ်(၂၀၅)

# ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သည့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပညာပေးကွင်းသရုပ်ပြပွဲ ရပ်စောက်မြို့နယ်၌ ကျင်းပ



ရပ်စောက် ဧပြီ ၂၇

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ပွေးကျေးရွာအုပ်စု နောင်မိုင်းကွင်း၌ တောင်သူ သုံးဦး၏ ပဲပုပ်သီးနှံ ၁၀ ဧကစိုက်ခင်းတွင် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ၏ ဦးဆောင်မှုဖြင့် တောင်သူများပါဝင်သော ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သည့် ပဲပုပ်စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် တောင်သူ ဦးတင့်ထူးဇော်က စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းချိန်အထိ ဆောင်ရွက်မှုအဆင့်တိုင်း မှတ်တမ်းထားရှိပြီး ဆောင်ရွက်ခဲ့ပုံအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးသည်။

ထွက်ရှိလာသောသီးနှံများ၏ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုကို စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ၏ ISO/IEC 17025 နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရရှိထားသော စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ပညာပေးစံပြကွက်များကို ပဲခူးတိုင်းဒေသကြီး၊ *စာမျက်နှာ ၅ ကော်လံ ၄* ❍

# ကမ္ဘာ့ရှားပါးမျိုးစိတ် မြန်မာ့မျိုးရင်း ကြယ်လိပ်နှင့်တိုက်လိပ်များ မျိုးရင်းဇီဝရတနာများအဖြစ် ထိန်းသိမ်းကာကွယ်

ရန်ကုန် ဧပြီ ၂၇

မြန်မာနိုင်ငံ၌သာတွေ့ရသော ကမ္ဘာ့ရှားပါးမျိုးစိတ်ဖြစ်သည့် ကြယ်လိပ်နှင့် တိုက်လိပ်ကို မြန်မာ့မျိုးရင်းဇီဝရတနာများအဖြစ် ထိန်းသိမ်းကာကွယ်ထားကြောင်း သိရသည်။

ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသောမြန်မာနိုင်ငံသည် မြစ်၊ ချောင်း၊ အင်း၊ အိုင် ပေါများမှုကြောင့် ကုန်းနေရေနေသတ္တဝါများ ကျက်စားလျက်ရှိရာ ရှားပါးမျိုးစိတ်ဖြစ်သည့် ကြယ်လိပ်ကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးထိန်းသိမ်းကာကွယ်ထားသည်။ ကြယ်လိပ်သည် မေလမှ စက်တင်ဘာလအတွင်း ဥဥလေ့ရှိပြီး တစ်နှစ်လျှင် လေးကြိမ်၊ တစ်ကြိမ်လျှင် ၁၅ လုံးကျော်ဥလေ့ရှိကြောင်းနှင့် ရှင်သန်နေထိုင်ရာ သဘာဝစားကျက်ပေါ်မူတည်၍ နှစ် ၅၀ ကျော် ရှင်သန်လေ့ရှိကြောင်း သိရသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ❖



**ယနေ့ ဖတ်စရာ**

**အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် အာဆီယံဒေသတွင်း စွမ်းအင်ဖူလုံမှုအပေါ် အကျိုးသက်ရောက်မည့် နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ အာဆီယံစွမ်းအင်ဝန်ကြီးများ အထူးအစည်းအဝေးကျင်းပ**
ပြည်တွင်းသတင်း စာ ၅



**သင်္ဂါယနာသမိုင်း**
ဆောင်းပါး စာ ၆

**မတတ် - မရှိ သံသရာမှ လွတ်မြောက်အောင်**
ဆောင်းပါး စာ ၁၀

**ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်**
ပြည်တွင်းသတင်း စာ ၁၂

**အားပြိုင်မှုကြား၊ ပြန်လည်အသက်သွင်းမှုနှင့် အသုံးချခံများ မဖြစ်ရန်**
ဆောင်းပါး စာ ၁၆

## တရားမအထူးအယူခံမှု လေးမှုကို ရုံးထိုင်ကြားနာ

နေပြည်တော် မေ ၂၇

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဒေါ်သင်းသင်းနွဲ့၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်၊ ဒေါ်သင်းသင်းချိုတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပ ရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသိဒ္ဓိ ခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စု တရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂/၂၀၂၆ (မွန်)၊ ၃/၂၀၂၆ (ရန်ကုန်)၊ ၄/၂၀၂၆ (ဧရာဝတီ) နှင့် ၅/၂၀၂၆ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ကောင်စီဝင် ဦးသန်းဆွေ ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်းအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၇

ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ကောင်စီဝင် ဦးသန်းဆွေသည် ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်းဖြစ်သူ ဒေါက်တာ ခါလစ် ဘင်မို ဟာမက် အယ်လ် အက်တီယာ အား ယနေ့မွန်းလွဲပိုင်းတွင် Jasmine Naypyitaw Hotel ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကာတာနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်းဖြစ်သူ ဒေါက်တာ ခါလစ် ဘင်မို ဟာမက် အယ်လ်အက်တီယာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကာတာနိုင်ငံတို့အကြား နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ၌ ဆောက်လုပ်မည့် အဆောက်အအုံများအတွက် လျာထားနေရာရွေးချယ်

နေပြည်တော် မေ ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်)သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများက စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်)၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်၊ ထမင်းစားဆောင်များ ဆောက်လုပ်နေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် စာသင်ဆောင်၊ အရာထမ်း၊ အမှုထမ်းအိမ်ရာများ ဆောက်လုပ်ရန် လျာထားမြေနေရာများ၏ မြေပြင်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အရည်အသွေးပြည့်ဝသော စိုက်ပျိုးရေး၊ မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရေး၊ သတ်မှတ်ဘာသာရပ်များအား စနစ်တကျ သင်ကြားပေးရန်၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ အချိန်မီဝယ်ယူဖြည့်တင်းသွားရန်၊ တာဝန်ယူဆောက်လုပ်သော ကုမ္ပဏီနှင့် အရည်အသွေး စစ်ဆေးရေးကုမ္ပဏီများအနေဖြင့် အဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်စေရေး အလေးထားဆောင်ရွက်ကြရန်၊ တည်ဆောက်ရေးသုံးပစ္စည်းများ မိုးမကျမီ ကြိုတင်စုဆောင်းထားရှိရန်၊ လာမည့်ပညာသင်နှစ် တက်ရောက်မည့် ကျောင်းသား ကျောင်းသူများ ထားရှိနိုင်ရေး ပြီးစီးသင့်သည်များ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်သွားကြရန် အသေးစိတ်ဆွေးနွေးမှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးသည် တိုင်းဒေသကြီး ဦးစီးမှူးများနှင့် တွေ့ဆုံ၍ ရေတိုရေရှည်ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ စိုက်ပျိုးရေရရှိရေး၊ ထွန်ယက်စိုက်ပျိုးရာတွင် လယ်ယာသုံးစက်ကိရိယာများ ပိုမိုသုံးစွဲနိုင်ရေး၊ ကိန်းဂဏန်း အချက်အလက်များ မှန်ကန်စေရေး စသည့်စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြသည်။

ထို့နောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) ကျောင်းဝင်းအတွင်းရှိကျောင်းသား ကျောင်းသူဆောင်၊ ထမင်းစားဆောင်၊ စာသင်ဆောင်နှင့် အရာထမ်း၊ အမှုထမ်းအိမ်ရာများ ဆောက်လုပ်ရန် မြေနေရာ ရွေးချယ်ထားမှု အခြေအနေများ၊ ကျောင်းသား ကျောင်းသူ နှစ်ထပ်အိပ်ဆောင်နှင့် ထမင်းစားဆောင် ဆောက်လုပ်နေမှု၊ မအူပင်မြို့ ရေစီးရေလာ ကောင်းမွန်စေရေး အပိုင်း(၁) လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ဒီဇိုင်းပုံစံများနှင့်အညီ စနစ်တကျဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး တာမိုင် ၁၂ မိုင်နှင့် ၁၃ မိုင် အကြား ဆောင်ရွက်လျက်ရှိသော ဂန်ချောင်း ဖြတ်တာ အလျားပေ ၂၃၀၀ တည်ဆောက်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ဂန်ချောင်းဖြတ်တာသည် ညောင်တုန်းကျွန်းတာတွင် ပါဝင်သောဖြတ်တာတစ်ခုဖြစ်ပြီး ညောင်တုန်းကျွန်းတာအနေဖြင့် အလျား ၃၂ မိုင်ခန့်ရှိရာ ရေဘေးကာကွယ်ရေး ဧရိယာ ၁၀၅၂၂၁ ဧကဖြင့် ဒေသခံပြည်သူများ၏ လယ်ယာမြေများကို မိုးရာသီကာလ မြစ်ရေကြီးချိန်တွင် ရေဘေးအန္တရာယ် ကျရောက်ပြီး ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ပေးလျက်ရှိသော တာတစ်ခုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး သီလဝါဆိပ်ကမ်းဧရိယာရှိ ခေတ်မီသိုလှောင်ရုံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး BOT ဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**ရန်ကုန် မေ ၂၇**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ယမန်နေ့နံနက်ပိုင်းက ဒုတိယဝန်ကြီး ဦးထွန်းလူ၊ ရန်ကုန်တိုင်းလျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာမျိုးသော်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်းဧရိယာရှိ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်း (Build-Operate-Transfer, BOT) စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ခေတ်မီသိုလှောင်ရုံစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး BOT ဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Myanma Agricultural & General Development Public Limited (MAGDPL) တို့မှ သီလဝါဆိပ်ကမ်း ဧရိယာအကွက်အမှတ်(၂၉) တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းဖြစ်သော ခေတ်မီသိုလှောင်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးက ခေတ်မီသိုလှောင်ရုံ လေးလုံး အနက်ပေ (၅၅၀x ၁၅၀ x၃၄ ) အရွယ်ရှိတန်ချိန် ၂၅၀၀၀ သိုလှောင်နိုင်သည့် သိုလှောင်ရုံတစ်လုံးတည်ဆောက်ခြင်း၊ နောက်ခံမြေတွင် သဲဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် အပိုင်းလိုက်ဆက်လက်တည်ဆောက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက အချိန်မီပြီးစီး၍ ဖွင့်လှစ်နိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် နိုင်ငံ၏ အဓိကလယ်ယာထွက် ပို့ကုန်များကို ခေတ်မီနည်းစနစ်များဖြင့် သိုလှောင်တင်ပို့နိုင်ရေးအတွက် စီမံထားသည့်အတိုင်း အပိုင်းလိုက် ဆက်လက်တည်ဆောက်သွားကြရန် ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Myanmar International Terminal Thilawa(MITT) ဆိပ်ကမ်းတံတားသို့ ရောက်ရှိစစ်ဆေးပြီး MITT အစည်းအဝေးခန်းမတွင် သီလဝါဆိပ်ကမ်းဧရိယာရှိ BOT ဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများအား တွေ့ဆုံရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကာ BOT ဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများက လက်ရှိ ဆိပ်ကမ်းဝန်ဆောင်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် တည်ဆောက်ရန်ကျန်ရှိသည့် BOT ဆိပ်ကမ်းတံတားများမှ ၎င်းတို့အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နှစ်စဉ်ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုတန်ဖိုးသည် နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး၏ ပျမ်းမျှ ၇၀ ရာနှုန်းရှိသဖြင့် ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှု၏ အဓိက ဝင်/ထွက်ပေါက်ဖြစ်သော ရန်ကုန်နှင့် သီလဝါဧရိယာရှိ ဆိပ်ကမ်းတံတားများ အပါအဝင် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတစ်ခုလုံး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ရန်ကုန်ဆိပ်ကမ်း၏ ကုန်ကိုင်တွယ်ရရှိမှုပမာဏကိုမြှင့်တင်နိုင်ရန် ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးခြင်းအပြင် နိုင်ငံ၏ မဟာဗျူဟာမြောက် ပထဝီဝင်အနေအထားကို အကျိုးရှိစွာ အသုံးချပြီး အိမ်နီးချင်းနိုင်ငံများ၏ ပို့ကုန်/သွင်းကုန်များကိုပါ သယ်ယူပို့ဆောင်ပေးနိုင်မည့် ကုန်း-ရေနှစ်သွယ်ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်ရန်လိုကြောင်း၊ ထို့ကြောင့် ရန်ကုန်ဆိပ်ကမ်းမှ တစ်ဆင့် ရေယာဉ်လွှဲပြောင်းတင်ဆောင်ခြင်း (Trans-shipment) ဝန်ဆောင်မှုနှင့် နိုင်ငံဖြတ်သန်းကုန်သွယ်မှု (Transit Trade) ဝန်ဆောင်မှုများကို ပေးနိုင်ရန် အဆင်သင့်ဖြစ်မှုအတွက် ဆိပ်ကမ်းတံတားများကိုဆက်လက်တိုးချဲ့ တည်ဆောက်လုပ်ကိုင်ကြရန် လိုအပ်ပြီး နိုင်ငံ၏ စွမ်းအင်လုံခြုံမှုအတွက်လည်း စက်သုံးဆီတံတားများနှင့် သိုလှောင်ကန်များကို မြေနေရာချထားပေးပြီးဖြစ်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆက်လက်ရင်းနှီးမြှုပ်နှံ တည်ဆောက်လုပ်ကိုင်ကြရန်၊ ဆိပ်ကမ်းလုပ်ငန်းစွမ်းဆောင်မှုကို မြှင့်တင်နိုင်ရေးအတွက် ဒီဂျစ်တယ်စနစ်ဖြင့် အသွင်ကူးပြောင်းဆောင်ရွက်ကြရန်၊ စွမ်းအင်သုံးစွဲမှုလျှော့ချနိုင်ရေးအတွက် ဆိုလာစနစ်ကို အစားထိုးသုံးစွဲကြရန်နှင့် ဘက်ထရီစနစ်သုံး ကုန်ကိုင်တွယ်စက်ကိရိယာများနှင့် ယာဉ်များကို ပြောင်းလဲအသုံးပြုကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည့်အပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ သိမ်ဖြူသင်္ဘောကျင်းရှိ 1500 BHP Harbour Tug တွန်းဆွဲရေယာဉ်အသစ်တစ်စင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အချိန်မီပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ ရက်ပေါင်း (၁၀၀)အတွင်း ဆောင်ရွက်မည့် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးရေးနှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများ ထုတ်ချေးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ရက်ပေါင်း (၁၀၀) အတွင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဆောင်ရွက်မည့် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးရေးနှင့် လယ်ယာသုံးစက်ကိရိယာ ချေးငွေများ ထုတ်ချေးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရုံးအမှတ် (၂၆) ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တိုင်းဒေသကြီး/ ပြည်နယ်ဘဏ်ခွဲများမှ ခရိုင်ဘဏ်ခွဲမန်နေဂျာများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြစ်သည့် တိုင်းပြည် တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အလေးထား၍ ဦးစားပေးဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ရေးသည် အဓိကကျသည့် ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်၍ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်း (Agro-based Industry) ကို တည်ဆောက်ရန်၊ ကုန်ထုတ်လုပ်မှု တိုးတက်ရန်တို့မှာ နိုင်ငံ့စီးပွားအတွက်လည်း အဓိကကျသည့် ကဏ္ဍဖြစ်၍ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ထည့်သွင်းမှာကြား လမ်းညွှန်ခဲ့ကြောင်း။

ပြည်ထောင်စု အစိုးရအဖွဲ့၏ ရက်ပေါင်း (၁၀၀) အတွင်း လျင်မြန်သော အကျိုးသက်ရောက်မှု (Quick Win) ရရှိစေမည့် အစီအစဉ်များတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးခြင်းနှင့် လယ်ယာသုံးစက်ကိရိယာ ချေးငွေများ စတင်ထုတ်ချေးသွားမည့် အစီအစဉ်များပါဝင်ကြောင်း။

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က နှစ်စဉ် မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကို စပါးသီးနှံအပါအဝင် သီးနှံ ၂၄ မျိုးကို ထုတ်ချေးပေးလျက်ရှိရာ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ကို ထိုက်သင့်သလို တိုးမြှင့်ပံ့ပိုးပေးနိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လက်ရှိချေးငွေနှုန်းထား၏ ပျမ်းမျှ နှစ်ဆ ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း၊ တောင်သူများ အနေဖြင့်လည်း ခေတ်ကာလနှင့် လျော်ညီသည့် ချေးငွေနှုန်းထားသို့ တိုးမြှင့်ထုတ်ချေးခွင့်ရရှိခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိကလိုအပ်သည့် မျိုးစေ့၊ မြေသြဇာ၊ ပိုးသတ်ဆေး စသည့်သွင်းအားစုများ၊ မြေယာပြုပြင်ခြင်းနှင့် ရိတ်သိမ်းခြင်းအထိ အခြားကုန်ကျစရိတ်များအတွက် ပိုမိုသုံးစွဲလာနိုင်မည်ဖြစ်ခြင်းကြောင့် သီးနှံအထွက်နှုန်း ပိုမိုတိုးတက်စေပြီး ဝင်ငွေများ တိုးလာစေမည် ဖြစ်ကြောင်း။

စိုက်ပျိုးစရိတ်ချေးငွေအပြင် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာ၌ အထောက်အကူပြုစေရေး၊ လယ်ယာကို အခြေခံသော စီးပွားရေးကဏ္ဍများတွင် ကုန်ထုတ်စွမ်းအား တိုးမြှင့်ထုတ်လုပ်နိုင်စေရေးတို့အတွက် တောင်သူလယ်သမားများနှင့် လယ်ယာကုန်ထုတ် လုပ်ငန်းရှင်များသို့ လယ်ယာသုံးစက်ကိရိယာချေးငွေများကိုလည်း ငွေကျပ်သိန်း ၃၀၀၀ အထိ တစ်ကဏ္ဍနှင့် ငွေကျပ် သိန်း ၃၀၀၀ အထက်ဖြစ်ပါက တစ်ကဏ္ဍ ထုတ်ချေးမည် ဖြစ်ကြောင်း၊ လယ်ယာသုံးစက်ကိရိယာချေးငွေ ထုတ်ချေးရေး အစီအစဉ်သစ်အား ပြည်ထောင်စုအစိုးရအဖွဲ့၏ ရက်ပေါင်း (၁၀၀) အတွင်း မေလဆန်းမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုထုတ်ချေးမည့် ချေးငွေအစီအစဉ်သစ်သည် အတိုးနှုန်း သက်သာသော ချေးငွေများဖြစ်ပြီး တောင်သူများအနေဖြင့် လက်တွေ့လိုအပ်ချက်နှင့် ကိုက်ညီသည့် ချေးငွေပမာဏ ရရှိခြင်းကြောင့် နိုင်ငံတော်အစိုးရနှင့် နိုင်ငံပိုင်ဘဏ်များအပေါ် ယုံကြည်အားကိုးမှု ပိုမိုမြင့်မားလာစေမည် ဖြစ်ကြောင်း၊ ယင်းသို့ ယုံကြည်မှုမြင့်မားလာရေးအတွက် သက်ဆိုင်ရာဌာနများကလည်း အဂတိတရားကင်းရှင်းစွာဖြင့် စနစ်တကျ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများအနေဖြင့် ထုတ်ချေးမည့် ချေးငွေများကို သတ်မှတ်ထားသည့် ချေးငွေဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ စိစစ်ထုတ်ချေးဆောင်ရွက်ရေး၊ ငွေကြေးအလွဲသုံးစားမှုများ မဖြစ်ပေါ်စေရေး၊ ဘဏ်ခွဲအလိုက် ကြွေးကျန်များ မဖြစ်ပေါ်စေရေးအတွက် စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ဘဏ်ခွဲများအနေဖြင့်လည်း ခရိုင်/မြို့နယ်ဘဏ်ခွဲများအား ဂရုပြုကြီးကြပ်စစ်ဆေးခြင်း၊ မြန်မာ့စီးပွားရေးဘဏ်အပါအဝင် ဆက်စပ်ဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် ဘဏ်လုပ်ငန်းများ အဆင်ပြေစွာနှင့် စနစ်တကျရှိစေရေး ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်က စီစဉ်ပေးသည့် အထူးချေးငွေဖြစ်၍ တောင်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် မိသားစုစိတ်ဓာတ်ဖြင့် ထိရောက်စွာ ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း သပြေတောင်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၇**

မှန်ကန်သော သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ပြည်သူလူထုသိရှိနိုင်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနား-သပြေတောင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံးနှင့် လယ်ဝေးမြို့နယ်ရုံးတို့ကို သွားရောက်၍ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပျဉ်းမနား-သပြေတောင် ထပ်ဆင့်လွှင့်စက်ရုံ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်များ၊ ဆောင်ရွက်ချက်များနှင့် အစိုးရသစ်၏ ရက်ပေါင်း (၁၀၀)အတွင်း ဆောင်ရွက်သည့်စီမံချက်များကို မီဒီယာမှတစ်ဆင့် ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်အောင် ကြိုးစားဆောင်ရွက်ပေးကြရန်၊ ထုတ်လွှင့်မှုအရည်အသွေး ကောင်းမွန်စေရန်နှင့် ရုပ်သံရိုက်ကူးရေးနှင့် ထုတ်လွှင့်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ပျဉ်းမနား - သပြေတောင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ထပ်ဆင့်လွှင့်စက်ရုံမှတစ်ဆင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သတင်းအစီအစဉ်တွင် ထည့်သွင်းရန်အတွက် ဝန်ကြီးဌာနများမှ ရိုက်ကူးပြီး သတင်းအရုပ်များအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)သို့ ပေးပို့သည့် Up Link လုပ်ငန်းဆောင်ရွက်နေမှု၊ DVB-T2 စနစ်ဖြင့် ထုတ်လွှင့်သည့် လွှင့်စက်များ၊ FM ထုတ်လွှင့်စက်များဖြင့် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ထပ်ဆင့်လွှင့်စက်ရုံ စားရိပ်သာ၊ ဝန်ထမ်းအိမ်ရာ၊ အဆောင်နှင့် တာဝါတိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံးနှင့် လယ်ဝေးမြို့နယ်ရုံးတို့သို့ ရောက်ရှိပြီး ကလေးစာဖတ်ခန်းများ ခင်းကျင်းပြင်ဆင်ထားရှိမှု၊ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်(Mobile Bus)ဖြင့် စာအုပ် စာစောင်များ သွားရောက်ငှားရမ်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ စာအုပ်စာစောင်များ စနစ်တကျ ထိန်းသိမ်းပြီး ပြည်သူများ စာပေလေ့လာဖတ်ရှုနိုင်စေရန် ဆောင်ရွက်ထားရှိမှုနှင့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဝင်များ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပနေမှုတို့ကို ကြည့်ရှုအားပေးကာ ဝန်ထမ်းများနှင့် ကလေးငယ်များကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အဆိုပါရုံးများသို့ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အစိုးရသစ်ရက် (၁၀၀)အတွင်း ဌာနအလိုက် သိသာထင်ရှားသည့် တိုးတက်ပြောင်းလဲမှုများရှိစေရေး ခရိုင်/မြို့နယ်အဆင့်ရုံးများကလည်း အစီအမံများ ချမှတ်ဆောင်ရွက်သွားရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ သတင်းအချက်အလက်များကို ကျေးလက်ဒေသများအထိ ရောက်ရှိအောင် ဆောင်ရွက်သွားကြရန်၊ စာဖတ်ခြင်းဖြင့် လူငယ်များ၏ အတွေးအခေါ်မှန်ကန်စေရေးနှင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိစေရေးတို့အတွက် နယ်လှည့်စာကြည့်တိုက်များနှင့် စာပေပွဲတော်များမှတစ်ဆင့် ဆောင်ရွက်သွားကြရန်။

ပြည်သူများကိုဝန်ဆောင်မှုပေးရာတွင် ကြန့်ကြာမှုမရှိစေဘဲ မြန်မြန်ဆန်ဆန် ပြီးမြောက်အောင် ဆောင်ရွက်ပေးရန်၊ စာကြည့်တိုက်များတွင် ကွန်ပျူတာသင်တန်းများကဲ့သို့ အတတ်ပညာ၊ အသိပညာ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန်၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်၊ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင် ကြိုးစားဆောင်ရွက်သွားကြရန်၊ သတင်းတု၊ သတင်းမှားများကို ပြန်လည်တုံ့ပြန်နိုင်ရေး၊ ပြည်သူများထံ သတင်းမှန်များ အချိန်ကိုက်ရောက်ရှိနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

**သတင်းစဉ်**

# အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် အာဆီယံဒေသတွင်း စွမ်းအင်ဖူလုံမှုအပေါ် အကျိုးသက်ရောက်မည့် နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ အာဆီယံစွမ်းအင်ဝန်ကြီးများ အထူးအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၂၇**

အရှေ့အလယ်ပိုင်း ဒေသတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် အာဆီယံဒေသတွင်း စွမ်းအင်ဖူလုံမှုအပေါ် အကျိုးသက်ရောက်မည့် နောက်ဆုံးအခြေအနေများနှင့် စပ်လျဉ်း၍ အာဆီယံစွမ်းအင် ဝန်ကြီးများ အထူးအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ဖိလစ်ပိုင်နိုင်ငံ စွမ်းအင်ဝန်ကြီးက ကြီးမှူး၍ Video Conferencing စနစ်ဖြင့် ကျင်းပရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က အလှည့်ကျ ပါဝင်ဆွေးနွေးရာ အရှေ့အလယ်ပိုင်း ပဋိပက္ခများကြောင့် မြန်မာနိုင်ငံ၏ ပြည်တွင်း စက်သုံးဆီ ဖြန့်ဖြူးမှုအပေါ် အကျိုးသက်ရောက်မှု ရှိနေပါကြောင်း၊ စက်သုံးဆီတင်သွင်းမှုကို အဓိကအားပြုရသည့် မိမိတို့နိုင်ငံအနေဖြင့် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသော်လည်း အရေးပေါ်တုံ့ပြန်မှုအစီအမံများကို စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ကာလတို၊ ကာလရှည်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအတွေ့အကြုံများမှ သင်ခန်းစာရယူ၍ အနာဂတ်ကာလများတွင် မိမိတို့နိုင်ငံ၏ စွမ်းအင်ဖူလုံရေးလုပ်ငန်းစဉ်များတွင် အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းသွားမည် ဖြစ်ကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်နှင့် အခြားအစားထိုးစွမ်းအင်များ ပြောင်းလဲသုံးစွဲနိုင်ရေး သုတေသနဖွံ့ဖြိုးမှုနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းများကိုလည်း ရည်မှန်းချက်များထားရှိဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

အဆိုပါ အစည်းအဝေး၌ အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် ဒေသတွင်းနိုင်ငံများအပေါ် အကျိုးသက်ရောက်မှုများ၊ စွမ်းအင်ဖူလုံမှုရှိစေရေး မဟာဗျူဟာကိစ္စရပ်များ၊ လက်ရှိ ကမ္ဘာ့စွမ်းအင်ဈေးကွက်များနှင့် ထောက်ပံ့မှုကွင်းဆက်များ၊ အထူးသဖြင့် အာဆီယံဒေသတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ဖူလုံမှုရှိစေရေးအတွက် ဆွေးနွေးဖက်နိုင်ငံများနှင့် အာဆီယံဦးဆောင်သော ဆွေးနွေးမှုပုံစံများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပါအဝင် ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဒေသတွင်း စွမ်းအင်ဖူလုံရေးကို ကာကွယ်သွားရန် အာဆီယံစွမ်းအင်ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံစွမ်းအင်ဗဟိုဌာနတို့က ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**



❍ *ရွှေဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေတို့တွင် ပဲတီစိမ်းနှင့် မတ်ပဲသီးနှံများ ဆောင်ရွက်ခဲ့ပြီး ရှမ်းပြည်နယ်၌ မတ်ပဲ၊ ပဲတီစိမ်းသီးနှံအစား ဒေသအတွင်း စိုက်ပျိုးဖြစ်ထွန်းမှုကောင်းပြီး ဈေးကွက်အလားအလာကောင်းသည့် ပဲပုပ်သီးနှံကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် ပညာပေးကွင်းသရုပ်ပြပွဲ၌ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါ်စန္ဒာလင်းက အမှာစကားပြောကြားပြီး သီးနှံကာကွယ်ရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်အေးပွင့်ခိုင်က ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် ပညာပေးစံပြကွက် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# သင်္ဂါယနာသမိုင်း

မောင်ပုည

**ပဉ္စမသင်္ဂါယနာသမိုင်း**

**မြန်မာနိုင်ငံသို့ ပထမသာသနာ ရောက်ရှိခြင်း**

မြတ်စွာဘုရားရှင် ဘုရားဖြစ်တော်မူပြီးနောက် ရာဇာယတန သတ္တာဟအဖြစ် လင်းလွန်းပင်ရင်း၌ သီတင်းသုံးတော်မူစဉ် ဥက္ကလာမည်သော ဇနပုဒ်မှ တပုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်နှစ်ယောက်တို့သည် ဘုရားပွင့်ရာ မဇ္ဈိမဒေသသို့ ကူးသန်းရောင်းဝယ်လာကြသည်။ ထိုညီနောင်တို့၏ ရှေးဘဝက ဆွေမျိုးတော်စပ်ခဲ့ဖူးသောနတ်က ကိုယ်ထင်ပြ၍ လောက၌ ဘုရားရှင် ပွင့်တော်မူလာကြောင်းကို ပြောပြပြီးလျှင် သူတို့၌ ပါလာသော မုန့်များကို ဆက်ကပ်လှူဒါန်းရန် တိုက်တွန်းသဖြင့် ဘုရားရှင်ထံသို့ ချဉ်းကပ်ကြ၍ ပါလာသော မုန့်များကို လှူဒါန်းလေရာ မြတ်စွာဘုရားရှင်သည် စတုမဟာရာဇ်နတ်မင်းကြီးလေးပါး ဆက်ကပ်လှူဒါန်းသော သပိတ်တော်လေးလုံးကို အနားလေးရစ်ပါသော သပိတ်တစ်လုံးအဖြစ်ပြုပြီးလျှင် ထိုသပိတ်တော်ဖြင့် အလှူခံတော်မူခဲ့သည်။

တပုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားရှင် ဆွမ်းဘုဉ်းပေးတော်မူသည်ကို ဖူးမြော်ကြည်ညိုပြီးနောက် "တပည့်တော်တို့သည် မြတ်စွာဘုရားနှင့် တရားတော်မြတ်ကို ဆည်းကပ်ကိုးကွယ်ပါ၏။ ယနေ့မှစ၍ ဥပါသကာအဖြစ် မှတ်တော်မူပါ"ဟု လျှောက်ကြလေသည်။ ထိုသို့ ဒွေဝါစိကသရဏဂုံကို ခံယူဆောက်တည်ပြီးနောက် "တပည့်တော်တို့အား အမြဲမပြတ် ဆည်းကပ်ကိုးကွယ်ပူဇော်ဖို့ရန် ပူဇော်ဖွယ်ဝတ္ထု တစ်ခုခုကို ကရုဏာရှေ့ထား ပေးသနားတော်မူပါဘုရား"ဟု လျှောက်ထားကြပြန်ရာ မြတ်စွာဘုရားရှင်က လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်၍ ငြိကပ်ပါလာသော ဆံတော်ခြတ်များကို ရှိခိုးပူဇော်နိုင်ရန် ကုန်သည်ညီနောင်တို့အား ချီးမြှင့်တော်မူလိုက်သည်။

ကုန်သည်ညီနောင်တို့လည်း ဆံတော်ခြတ်တို့ကို ရရှိ၍ ဝမ်းမြောက်ဝမ်းသာစွာဖြင့် မိမိတို့နေထိုင်ရာ ဥက္ကလာပြည် ပေါက္ခရဝတီမြို့သို့ ပြန်လည်ရောက်ရှိလျှင် ထိုဆံတော်ခြတ်တို့ကို ရွှေကြုတ်အတွင်း ထည့်သွင်း၌ာပနာကာ စေတီတည်ထားကိုးကွယ်ကြလေသည်။

**ပဉ္စမသင်္ဂါယနာ ဒါယကာ မင်းတုန်းမင်း**

ဘကြီးတော်မင်းနောက်တွင် သာယာဝတီမင်း နန်းတက်ခဲ့သည်။ သာယာဝတီမင်းနောက်တွင် ပုဂံမင်း၊ ပုဂံမင်းနောက်တွင် ကုန်းဘောင်မင်းဆက် ၁၀ ဆက်မြောက် မင်းတုန်းမင်း နန်းတက်ခဲ့သည်။ မင်းတုန်းမင်းသည် မင်းအဖြစ်သို့ရောက်သော် သာသနာတော်နှစ် ၂၄၀၃၊ ကောဇာသက္ကရာဇ် ၁၂၂၁ ခုနှစ်၊ ခရစ်နှစ် ၁၈၅၇ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် မန္တလေးမြို့တော်သစ် တည်ထောင်ရန် မြေနေရာ၌ ရွှေထွန်၊ ငွေထွန်များဖြင့် မြေသန့်ခဲ့သည်။ ထိုသို့ မြို့တော်သစ် စတင်တည်ထောင်ရန် ဆောင်ရွက်စဉ်ကပင် သာသနာတော်ကို ကြည်ညိုမြတ်နိုးသော မင်းဖြစ်ရာ ရတနာပုံမန္တလေးမြို့တော်သစ် တည်ဆောက်ရေးတွင် မြို့တော်၊ ကျုံးတော်၊ စေတီတော်၊ သိမ်တော်၊ ကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ သုဓမ္မာဇရပ်တော်အားဖြင့် ခုနစ်ဌာနကို တစ်ပြိုင်နက် တည်ထောင်ခဲ့သည်။ ဤခုနစ်ဌာနတွင် ငါးဌာနသည် သာသနာတော်အတွက်သာဖြစ်ရာ သာသနာတော်ကိုပါ အခိုင်အမာ ပန္နက်ချခဲ့သည်ဟု ဆိုထိုက်လှသည်။

**ပိဋကတ်တော် ပေမူများကို ရှေးဦးစွာ သန့်စင်ခြင်း**

ရှမ်းကလေးကျွန်းဆရာတော် အရှင်နန္ဒကို ပုဂံမင်း၏ဆရာဖြစ်သော ဒုတိယဗားကရာသာသနာပိုင်ဆရာတော် အရှင်ပညာဇောတက "အမရပူရ၊ အင်းဝ၊ စစ်ကိုင်း သုံးနယ်မှ ထွက်စေ" ဟု နယ်နှင်သည်ကို မင်းတုန်းမင်းသားဘဝက သိရှိခဲ့သဖြင့် **"လဇ္ဇီ၊ သီလဝန်ပုဂ္ဂိုလ်များ ညှဉ်းပန်းနှိပ်စက်ခံနေကြရခြင်းမျိုး ငါအထွတ်အမြတ်ရောက်က မဖြစ်စေရ၊ သာသနာတော်ကောင်းစေရန် လဇ္ဇီ၊ သီလဝန် ပညာဝန်ပုဂ္ဂိုလ်တို့အား ချီးမြှောက်အားပေးမည်"** ဟု နှလုံးသွင်းရှိခဲ့သည့်အတိုင်းပင် မင်းတုန်းမင်းသည် သာသနာတော်အရေးကို အထူးပင် အလေးဂရုပြုခဲ့ပါသည်။



ပဉ္စမသင်္ဂါယနာတင် ကျောက်စာများ ရေးထိုးနေမှု သရုပ်ဖော်ပုံကို တွေ့ရစဉ်။



ပဉ္စမသင်္ဂါယနာကုသိုလ်တော်ကျောက်စာချပ်။



ယူနက်စကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အထိမ်းအမှတ် ကျောက်စာ။

သာသနာတော်၏ အသက်သည် ပရိယတ္တိပင်ဖြစ်၍ ပရိယတ္တိ၏ အသက်သည် စင်ကြယ်သော ပိဋကတ်တော်များဖြစ်ရာ မင်းတုန်းမင်းကြီးသည် ရွှေဘိုမြို့မှ အမရပူရမြို့သို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် မြန်မာသက္ကရာဇ် ၁၂၁၈ ခုနှစ်မှစ၍ ပေမူပိဋကတ်တော်များ အမှားအယွင်း၊ အတိမ်းအစောင်း၊ အကျအနမရှိစေရေး ကျမ်းဂန်တတ်ဆရာတော်ကြီးများကို ပင့်ဆောင်ကာ ပိဋကတ်ပေမူများကို စင်ကြယ်စေရန် သုတ်သင်အတည်ပြုစေတော်မူသည်။ သုတ်သင်ပြီးသည့် ပိဋကတ်တော်များကို ပေရွက်များပေါ်တွင် ထပ်မံရေးသားကာ သန့်စင်သော ပေမူပိဋကတ်တော်များရရှိရန် ရှေးဦးစွာ ဆောင်ရွက်ခဲ့သည်။

သုတ်သင်တည်းဖြတ်ပြင်ဆင်ပြီးသော ပိဋကတ်တော်များကို ရေးကူးရာတွင် ရွှေရေး၊ မင်ရေး၊ ကညစ်ရေး သုံးမျိုးဖြင့် ပေရွက်များပေါ်တွင် ရေးကူးခဲ့သည်။ ပိဋကတ်တော်များ ရေးကူးနေစဉ်တွင်လည်း အမှားအယွင်း အကျအပေါက်မရှိစေရေးအတွက် ဒက္ခိဏာရာမဘုရားကြီးတိုက်ဆရာတော် အရှင်ဇာဂရ၊ မြင်းဝန်တိုက်ဆရာတော် အရှင်သုမင်္ဂလနှင့် ဆီးပန်းနီဆရာတော် အရှင်နရိန္ဒတို့က ကြပ်မတ်ခဲ့ကြသည်။

အမှားအယွင်း လုံးဝကင်းစင်သော ပိဋကတ်သုံးပုံ ပေမူများကို အမရပူရမြို့ ပိဋကတ်တိုက်၌ ထားရှိခဲ့ပြီး ရတနာပုံ မန္တလေးမြို့သစ်ကို တည်ပြီးချိန်တွင် မန္တလေးတောင်ခြေ၌ တည်ဆောက်ခဲ့သော ပိဋကတ်တိုက်သို့ ပြောင်းရွှေ့သိမ်းဆည်းခဲ့ကြသည်။ ထိုသို့ သန့်စင်သော ပိဋကတ်ပေမူများရရှိရေး ဆောင်ရွက်ချက်သည် ပဉ္စမသင်္ဂါယနာတင်ရန် ရှေးဦးဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ပိဋကတ်ပေမူများထားရှိခဲ့သည့် မြို့တည်ခုနစ်ဌာနတွင်ပါဝင်သော ထိုပိဋကတ်တိုက်သည် ကျောက်တော်ကြီး ဘုရား၏မြောက်ဘက်၊ မန္တလေးတောင်ခြေတွင် ရှိခဲ့သော်လည်း ယခုအခါ ပျက်စီးခဲ့ပြီဖြစ်သည်။

**ပဉ္စမသင်္ဂါယနာတင်ရခြင်း၏ ရည်ရွယ်ချက်**

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်များ သန့်ရှင်းစင်ကြယ်စွာ တည်တံ့ခိုင်မြဲစေရေးအတွက် အရှင်မဟာကဿပ မထေရ်မြတ်ကြီး ဦးဆောင်တော်မူသော ပထမသင်္ဂါယနာမှသည် မထေရ်မြတ်များအဆင့်ဆင့် လက်ဆင့်ကမ်း သယ်ဆောင်လာတော်မူရာ သာသနာတော် နှစ် ၄၅၀ ပြည့်နှစ် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) မလယ ဇနပုဒ် အာလောကလိုဏ်ဂူ၌ ရဟန္တာအရှင်မြတ် ၅၀၀ တို့ စုပေါင်းရွတ်ဆိုအတည်ပြုတော်မူကာ ပေထက်အက္ခရာတင်ခဲ့သော

စာမျက်နှာ ၇ သို့

**" နောက်ဆုံး သင်္ဂါယနာတင်ပြီးသည်မှာ နှစ်ပေါင်း ၂၀၀၀ ကျော်ကြာခဲ့ပြီဖြစ်၍ ခေတ်အဆက်ဆက် ပေရွက်များပေါ်တွင် ရေးသားမှတ်တမ်းတင်ထားသည့် ပိဋကတ်တော်များသည် ရာသီဥတုနှင့် ပိုးမွှားများကြောင့် ပျက်စီးလာခဲ့သည်။ ထို့အပြင် ဆရာတပည့်အဆင့်ဆင့် အစဉ်အဆက်လက်ဆင့်ကမ်းကာ ရေးကူးခဲ့ကြသော ပေစာများ၏ စာသားအချို့တွင် မူကွဲများ၊ အကျအပေါက်များရှိလာရာ ဘုရားရှင်၏ တရားတော်များ သန့်ရှင်းစင်ကြယ်စွာ တည်တံ့ခိုင်မြဲစေရန်နှင့် မူလမပျက်မှန်ကန်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်ရည်ရွယ်၍ ပဉ္စမသင်္ဂါယနာတင်ရန် ဆောင်ရွက်ခဲ့ကြခြင်းဖြစ် "**

*စာမျက်နှာ ၆ မှ*

စတုတ္ထသင်္ဂါယနာသည် နောက်ဆုံးအကြိမ် တင်ခဲ့သော ထေရဝါဒ သင်္ဂါယနာဖြစ်သည်။ ထိုသို့ နောက်ဆုံး သင်္ဂါယနာတင်ပြီးသည်မှာ နှစ်ပေါင်း ၂၀၀၀ ကျော်ကြာခဲ့ပြီဖြစ်၍ ခေတ်အဆက်ဆက် ပေရွက်များပေါ်တွင် ရေးသားမှတ်တမ်းတင်ထားသည့် ပိဋကတ်တော်များသည် ရာသီဥတုနှင့်ပိုးမွှားများကြောင့် ပျက်စီးလာခဲ့သည်။ ထို့အပြင် ဆရာတပည့်အဆင့်ဆင့် အစဉ်အဆက် လက်ဆင့်ကမ်းကာ ရေးကူးခဲ့ကြသော ပေစာများ၏ စာသားအချို့တွင် မူကွဲများ၊ အကျအပေါက်များရှိလာရာ ဘုရားရှင်၏ တရားတော်များ သန့်ရှင်းစင်ကြယ်စွာ တည်တံ့ခိုင်မြဲစေရန်နှင့် မူလမပျက် မှန်ကန်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရည်ရွယ်၍ ပဉ္စမသင်္ဂါယနာတင်ရန် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**ကျောက်ထက်အက္ခရာတင်ခြင်း(သေလက္ခရာရုဠ္ဌ)ပဉ္စမသင်္ဂါယနာ**

မင်းတုန်းမင်းသည် သာသနာတော်နှစ် ၂၄၀၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် အမရပူရမြို့တော်မှ ရွှေ့ပြောင်း၍ မန္တလေးမြို့တော်ကို တည်ထောင်ပြောင်းရွှေ့ နန်းစံပြီးနောက် ပဉ္စမသင်္ဂါယနာကို တင်နိုင်ရန် ဆောင်ရွက်ခဲ့သည်။ ပဉ္စမသင်္ဂါယနာတင်ပွဲကို သက္ကရာဇ် ၁၂၂၂ ခုနှစ်မှ စတင်ခဲ့ပြီး ဘုရားရှင်၏ တရားတော်များ ကမ္ဘာတည်သရွေ့ တည်ရှိနေမည့် သေလက္ခရာရုဠ္ဌခေါ် ပိဋကတ်တော်များ ကျောက်ထက်အက္ခရာတင်ခြင်း သမိုင်းဝင်လုပ်ငန်းကြီးကို စတင်ဆောင်ရွက်ခဲ့သည်။ မင်းတုန်းမင်းကြီးသည် မန္တလေးမြို့မြောက်ဘက်ရှိ စကျင်တောင်မှ သလင်းကျောက်ဖြူများကို ချဆောင်ချောမောစေ၍ သက္ကရာဇ် ၁၂၂၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့မှ စတင်ကာ ပိဋကသုံးပုံ ပေမူများကို ထိုစကျင်ကျောက်ချပ်များပေါ်တွင် ရေးကူးစေသည်။

**မုခါရုဠ္ဌ ပဉ္စမသင်္ဂါယနာ**

ပဉ္စမသင်္ဂါယနာကို ကျောက်ထက်အက္ခရာတင်၍သာ သင်္ဂါယနာတင်ခဲ့သည်မဟုတ်ပေ။ ဘုရားဟော ပိဋကတ်တော်များကို နှုတ်ဖြင့် စုပေါင်းရွတ်ဆိုအတည်ပြု၍ သင်္ဂါယနာတင်ခြင်းကို ရွှေနန်းပြာသာဒ်တော်တွင် ဒက္ခိဏာရာမ ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု (တောင်တော်မိဖုရားကြီး၏ ဆရာတော်)က ဦးဆောင်လျက် ရဟန်းတော်အပါး ၂၄၀၀ တို့ဖြင့် ဆောင်ရွက်ခဲ့သည်။ ထိုသို့နှုတ်ဖြင့်ရွတ်ဆို သင်္ဂါယနာတင်ခြင်းသည် **“ငါးလ၊ သုံးရက်”** ကြာမြင့်ခဲ့သည်။ ဤပဉ္စမသင်္ဂါယနာတင်ပွဲကြီးကို ကျင်းပရာတွင် သံဃာတော်ထု၊ မင်းစိုးရာဇာထုနှင့် ပြည်သူလူထုဟူသော **ထု သုံးထု** ပူးပေါင်းကာ ကျင်းပခဲ့ကြခြင်းဖြစ်သည်။



မင်းတုန်းမင်းကြီးကောင်းမှု မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် ကျောက်စာစေတီတော်များကို ဖူးတွေ့ရစဉ်။

**“ပဉ္စမသင်္ဂါယနာကို ကျောက်ထက်အက္ခရာတင်၍သာ သင်္ဂါယနာ တင်ခဲ့သည်မဟုတ်ပေ။ ဘုရားဟော ပိဋကတ်တော်များကို နှုတ်ဖြင့် စုပေါင်းရွတ်ဆိုအတည်ပြု၍ သင်္ဂါယနာတင်ခြင်းကို ရွှေနန်းပြာသာဒ်တော်တွင် ဒက္ခိဏာရာမဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရာ ဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု (တောင်တော်မိဖုရားကြီး၏ ဆရာတော်)က ဦးဆောင်လျက် ရဟန်းတော်အပါး ၂၄၀၀ တို့ဖြင့် ဆောင်ရွက်ခဲ့သည်။ ထိုသို့နှုတ်ဖြင့်ရွတ်ဆို သင်္ဂါယနာတင်ခြင်းသည် “ငါးလ၊ သုံးရက်” ကြာမြင့်ခဲ့သည်။ ဤပဉ္စမသင်္ဂါယနာတင်ပွဲကြီးကို ကျင်းပရာတွင် သံဃာတော်ထု၊ မင်းစိုးရာဇာထုနှင့် ပြည်သူလူထုဟူသော ထု သုံးထု ပူးပေါင်းကာ ကျင်းပခဲ့ကြခြင်းဖြစ်”**

**ရေးထိုးသော ကျောက်စာများ**

ကျောက်စာများကို ရေးထိုးရာတွင် ပိဋကတ်တော်အလိုက် ရေးထိုးရာ ဝိနည်း ငါးကျမ်း၊ ကျောက်ချပ်ရေ-၁၁၁၊ အဘိဓမ္မာ ခုနစ်ကျမ်း ကျောက်ချပ်ရေ-၂၀၈၊ နိကာယ် ငါးရပ်၊ ကျောက်ချပ်ရေ-၄၁၀ စုစုပေါင်းအားဖြင့် ကျောက်စာတော် အချပ်ရေပေါင်း ၇၂၉ ချပ်တို့ဖြစ်သည်။ သက္ကရာဇ် ၁၂၂၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့တွင် စတင်ခဲ့သော ကျောက်ထက်အက္ခရာတင်ခြင်းသည် သက္ကရာဇ် ၁၂၃၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့တွင်ပြီးစီးအောင်မြင်ခဲ့သဖြင့် **“၇ နှစ်၊ ၆ လ၊ ၁၄ ရက်”** ကြာမြင့်ခဲ့သည်။ ထိုသို့လျှင် မင်းတုန်းမင်းကြီး၏ ကောင်းမှုပဉ္စမသင်္ဂါယနာတင် ကုသိုလ်တော်ကျောက်စာများကို ၂၀၁၃ ခုနှစ်တွင် ယူနက်စကိုက ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့ပြီး မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားဝင်းအတွင်း၌ လေ့လာနိုင်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အလုပ်သမားဆေးရုံ(ထန်းတပင်)တွင် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုလုပ်ငန်းစဉ်များ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဧပြီ ၂၇**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံ (ထန်းတပင်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဆေးရုံအစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးက ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုပေးရသည့် ဝန်ထမ်းများဖြစ်၍ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝသည့် အလုပ်ဖြစ်သဖြင့် စေတနာထားဆောင်ရွက်ပေးစေလိုကြောင်း၊ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်း အခမ်းအနားတွင်နိုင်ငံတော်သမ္မတက ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေး အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို ထိရောက်သည့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရေး၊ ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဖြစ်စေရေး အလေးထား ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း။

ကျန်းမာရေးနှင့် စပ်လျဉ်း၍လည်း အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများအတွက် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပညာရှင်များဖြစ်သည့်အတွက် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန်နှင့် မိမိလုပ်ငန်းများ အောင်မြင်စေရန်အတွက် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့် အဖွဲ့အစည်းတစ်ခုဖြစ်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိကလိုအပ်ချက်ဖြစ်သော ကောင်းမွန်သည့် ဆေးကုသမှုဝန်ဆောင်မှုကို ပေးအပ်နိုင်ရန်လိုအပ်ကြောင်း မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ပြီး ဆေးဝါးကုသမှုခံယူနေသည့် အာမခံအလုပ်သမားများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။



လူမှုဖူလုံရေးအဖွဲ့ အနေဖြင့် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုများကို အလုပ်သမားဆေးရုံကြီး (ရန်ကုန်)၊ အလုပ်သမားဆေးရုံ (ထန်းတပင်)၊ မြို့နယ်လူမှုဖူလုံရေး ဆေးခန်း၂၂ ခန်း၊ တိုင်းရင်းဆေးကုခန်းတစ်ခန်း၊ ဌာနကြီးဆေးခန်း ၂၁ ခန်း၊ စာချုပ်ဆေးခန်း ၅၃ ခန်း၊ မီးဖွားခြင်းဝန်ဆောင်မှု ဆောင်ရွက်သည့် စာချုပ်ဆေးရုံ၊ သားဖွားခန်း ငါးခန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ် ဧပြီလမှ ၂၀၂၆ ခုနှစ် မတ်လအထိ လူနာဦးရေ ၁၁၄၆၆၈၅ ဦးကို ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးဖိုးပြန်အမ်းအမှုတွဲ ၇၇၈၀၇ မှုအတွက် ငွေကျပ်သန်း ၇၉၇၄ ဒသမ ၃၉၆ ကို ပြန်လည်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၇**

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြစ်သည့် ဝါမှ ဝါဂွမ်း၊ ချည်၊ ပိတ်၊ အထည် ထုတ်လုပ်သည့် ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အခြေအနေ၊ ဝါးမှ ပျော့ဖတ်များ တစ်ပိုင်တစ်နိုင် ထုတ်လုပ်ရန်နှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် နည်းပညာပံ့ပိုးပေးနိုင်ရေး၊ MSME များအတွက် ချေးငွေ စီးဆင်းမှုမြန်ဆန်ရေး ဆောင်ရွက်ရမည့်အစီအစဉ်များ၊ ဒီဂျစ်တယ်စနစ်တွင်ကျယ်စွာ အသုံးပြုနိုင်ရန် အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပရေး၊ နိုင်ငံတော်မှ ပေးအပ်သည့် အခွင့်အရေးများရရှိစေရန် မှတ်ပုံတင်ပြုလုပ်ရေး၊ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရေး၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရေး၊ MSME အစုအဖွဲ့များ ပိုမိုအားကောင်းလာစေရေးနှင့် Agro-Base Industries ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်မည့် အခြေအနေတို့ကို ဆွေးနွေးကြသည်။



ထို့ပြင် ပြည်ထောင်စုဝန်ကြီးက MSME လုပ်ငန်းရှင်များအနေဖြင့်လုပ်ငန်းများ စတင်ဆောင်ရွက်ချိန်တွင် တရားဝင်ဖြစ်စေရေး မှတ်ပုံတင်ထားရှိရန်၊ ကုန်ကြမ်းနှင့်အညီ အရည်အသွေးမီအဖြစ် ရောင်းချခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချရန်၊ သတ်မှတ်စံချိန်စံညွှန်း ကုန်ပစ္စည်းများ ထုတ်လုပ်မှု တိုးမြှင့်ရန်နှင့် စွန့်ဦးတီထွင်သူများ ဖြစ်ပေါ်လာစေရေး စည်းရုံးဆောင်ရွက်ရန်၊ တစ်ဦးတစ်ယောက်ချင်းနှင့် MSME အစုအဖွဲ့များ အားကောင်းလာစေရေး အားပေးဆောင်ရွက်ရန်နှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ စစ်တုရင် အားကစားအဆင့်အတန်း တိုးတက်မြင့်မား လာစေရန်ရည်ရွယ်၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲ" ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည်။

ဖွင့်ပွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးငွေအောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများ၊ အထူး ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒိုင်လူကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အုပ်ချုပ်/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက စစ်တုရင်အားကစားနည်းသည် စိတ်ပိုင်းဆိုင်ရာကို အခြေခံ၍ကစားရသည့် အားကစားနည်းဖြစ်၍ စိတ်ခေတ်ကြံ့ခိုင်မှုနှင့် ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်မှု၌ အဓိကအရေးပါကြောင်း၊ နိုင်ငံတကာအဆင့် ပါဝင်ယှဉ်ပြိုင်နိုင်မည့် စစ်တုရင် အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေးအတွက် အထောက်အကူဖြစ်စေသည့် မျိုးဆက်သစ် လူငယ်စစ်တုရင် အားကစားသမားများကို တိုင်းဒေသကြီးနှင့်ပြည်နယ် စစ်တုရင်ပြိုင်ပွဲများမှအများဆုံး မွေးထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် စစ်တုရင်အားကစားနည်းဖြင့် ရွှေတံဆိပ် ၄ ခု၊ ငွေတံဆိပ် ၃ ခု၊ ကြေးတံဆိပ် ၆ ခု ဆွတ်ခူးရယူပေးနိုင်ခဲ့ကြောင်း၊ လာမည့်ပြိုင်ပွဲများ တွင်လည်း အောင်မြင်မှုဆုတံဆိပ်များ ရရှိအောင် ဆက်လက်ကြိုးစားသွားကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။



ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ၄ ချက် ရွတ်ဆိုကြပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် အသင်းအုပ်ချုပ်သူ/ နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် အ.ထ.က(၂) ဗဟန်းမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့ကို ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသိန်း ပေးအပ်သည်။

ယနေ့ပြိုင်ပွဲပွဲစဉ်အဖြစ် အပြည်ပြည်ဆိုင်ရာ လူငယ်စစ်တုရင်အမျိုးသမီးပြိုင်ပွဲ ပွဲစဉ် (၆) တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ စတင်ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌက အကွက်ရွှေ့၍ ဖွင့်လှစ်ပေးပြီး(ဝဲပုံ) တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမသို့ သွားရောက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန (ရန်ကုန်) ရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အားကစား၏ အနာဂတ် ပိုမိုကောင်းမွန်လာစေရန် စိတ်တူကိုယ်တူဖြင့် မိမိတို့ကျရာ အခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအတိုင်း ရက် (၁၀၀) အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားစေလိုကြောင်း၊ နိုင်ငံတော်က အားထားရပြီး ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်းပြောကြားပြီး အရာထမ်း၊ အမှုထမ်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ ရက်(၁၀၀)အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ဌာနအတွင်းပြုပြင်ပြောင်းလဲ၍ ပူးပေါင်းဆောင်ရွက်ရမည့်အချက်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) အတွင်းရှိ ရေကူးကန်နှင့် GYM ခန်းမတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားနှင့် ပညာရေးပေါင်းစပ် အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများကို တွေ့ဆုံကာ လာမည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းဖွင့်လှစ်နိုင်ရေးနှင့် သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ တိုင်းဒေသကြီးအဆင့် နည်းပြ(ဆင့်ပွား)ဆွေးနွေးပွဲကျင်းပ

**ပုသိမ် မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ကြီးမှူးဖွင့်လှစ်သည့် KG နှင့် Grade-1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ တိုင်းဒေသကြီးအဆင့် နည်းပြ (ဆင့်ပွား) ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပုသိမ်မြို့ အထက(၁) ရတနာတန်ဆောင်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ပညာရေးမှူးကိုယ်စား ဒေါက်တာသင်းမာလာ၊ ညွှန်ကြားရေးမှူး(ပညာ) က ဆရာ ဆရာမများ အနေဖြင့် ရှေးဦးအရွယ်ကလေးငယ်များ၏ ဘဝကိုဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ရမည့် တာဝန်ဝတ္တရားများကို နားလည်သိရှိနိုင်ရေး၊ ကလေးငယ်များရရှိခဲ့သည့် ပျော်ရွှင်မှုနှင့် ဖွံ့ဖြိုးမှုများကို KG နှင့် Grade-1 အထိ ဆက်လက်ပါရှိသွားနိုင်ရေးနှင့် ဆရာ ဆရာမများကလည်း သင်ပြနည်းစနစ်များကို တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းဖလှယ်ခြင်းအားဖြင့် ကလေးငယ်များအတွက် ကျောင်းနေပျော်၍ စာတော်သော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ KG နှင့် Grade-1 အတန်းတို့တွင် သင်ကြားနေသော ဆရာ ဆရာမ ၂၆၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၇ ရက်မှ မေ ၉ ရက်ထိ သင်ကြားပို့ချဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။



**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ဓာတ်မြေဩဇာများဈေးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးချိန်အမီ ဖြန့်ဖြူးရောင်းချနိုင်ရေး တိုက်တွန်းမှာကြား

နေပြည်တော် မေ ၂၇

စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်ရေးနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် အချိန်မီရရှိရေး အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဒုတိယဝန်ကြီးများနှင့် စိုက်ပျိုးရေးသွင်းအားစု ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လမ်းညွှန်မှာကြားချက်နှင့်အညီ ကျေးလက်နေပြည်သူများ အဓိကလုပ်ကိုင်နေကြသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းဖြင့် မိသားစုဝင်ငွေတိုးကာ လူမှုစီးပွားဘဝများမြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရေး၊ ရည်ညွှန်းဈေးနှုန်းများ လစဉ်ထုတ်ပြန်ပေးလျက်ရှိသဖြင့် သိုလှောင်ဈေးကစားခြင်းများ မရှိစေရေးနှင့် သွင်းအားစုများ၏ အရည်အသွေး သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ အချိန်မီရရှိရေး၊ ထိုက်သင့်သော သက်သာသည့် ဈေးနှုန်းဖြစ်စေရေးကို



တာဝန်ရှိသူအားလုံး ဝိုင်းဝန်းထိန်းသိမ်း ကြပ်မတ်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာရစ်ရွာမှ နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက သမဝါယမစနစ်ကို မဏ္ဍိုင်ပြု၍ သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ စုပေါင်းအားဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်နေပါကြောင်း၊ စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်ရေးသည် သွင်းအားစုများသုံးစွဲရန် လိုအပ်ပါကြောင်း၊ စနစ်ကျသည့် စိုက်ပျိုးရေး၊ မွေးမြူရေးများ ဖြစ်စေရန်အတွက် လိုအပ်သည့် နည်းပညာများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတောင်သူများအနေဖြင့်လည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေနေများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာရစ်ရွာမှ နွေစပါးစိုက်တောင်သူများအတွက် သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၂၇

**နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုအဆင့်အတန်းများ မြင့်မားလာစေရေးနှင့် နေပြည်တော်ရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာစေရေးတို့အတွက် ရည်ရွယ်၍ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန၏ ကျောက်စိမ်းခန်းမ၌ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။**



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးမင်းဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးလှဆွေ၊ ဦးဝင်းဌေး၊ ဦးခင်မောင်ဌေး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်) ဥက္ကဋ္ဌနှင့် ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များ၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာရေးအတွက် မြန်မာနိုင်ငံအား ကမ္ဘာကသိရှိသော ခရီးစဉ်ဒေသကြီးတစ်ခုဖြစ်စေရန် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ခရီးသွားဈေးကွက်ဝင် နိုင်ငံများအပြင် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဝန်ကြီးဌာနအား ယဉ်ကျေးမှုကို အခြေခံပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှင့်တင်ဆောင်ရွက်သွားနိုင်ရန်ရည်ရွယ်၍ ဖွဲ့စည်းပေးခဲ့သည့်အတွက် ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွားကြစေလိုကြောင်း၊ နေပြည်တော်တွင် ဘုရားဖူးခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းကဲ့သို့သော မတူကွဲပြားသည့် ခရီးသွားလုပ်ငန်းအမျိုးအစားများကို ဖော်ဆောင်ပြီး ခရီးသွားများကို ဆွဲဆောင်နိုင်ရေး ကြိုးစားကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်သည် မြန်မာနိုင်ငံ၏ အချက်အချာကျသော မြို့ကြီးဖြစ်သကဲ့သို့ သွားလာရေးလွယ်ကူမှုရှိသည့် ခရီးစဉ်ဒေသကြီးဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းအမျိုးအစားများ ဖော်ဆောင်ရန် အားသာချက်များစွာရှိကြောင်း၊ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသကြီးများ၏ ပကတိအခြေအနေမှန်များကို ကမ္ဘာကသိအောင် အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း။

ဟိုတယ်များအနေဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ အဆင့်အတန်းမီ ဝန်ဆောင်မှုများပေးနိုင်ရေး၊ သန့်ရှင်းသာယာလှပရေး၊ အစိမ်းရောင်ဟိုတယ်များဖြစ်စေရန်နှင့် ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်နိုင်အောင် အစဉ်တစိုက် ကြိုးစားကြရန်လိုအပ်ကြောင်း၊ ခရီးသွားကုမ္ပဏီများအနေဖြင့် နေပြည်တော်ရှိ ခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာ နေရာများကို ခရီးစဉ်များတွင် ထည့်သွင်းရောင်းချသွားကြရန်နှင့် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသူများက မိမိတို့သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အလိုက် လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော် မေ ၂၇

နေပြည်တော်အတွင်းရှိ လူငယ်မောင်မယ်များအကြား အားကစားစိတ်ဓာတ် ထက်သန်လာစေရန်နှင့် ထူးချွန်ထက်မြက်သည့် ဘော်လီဘော အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိ မြို့နယ်ရှိနေပြည်တော်အားကစားရုံ၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော် အားကစားနှင့် ကာယပညာ ကော်မတီနာယက၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဘော်လီဘော ဗိုလ်လုပွဲစဉ်များဖြစ်သည့် ဇမ္ဗူသီရိမြို့နယ် (အမျိုးသမီး) အသင်းနှင့် ဥတ္တရသီရိ မြို့နယ် (အမျိုးသမီး) အသင်းတို့၏ ယှဉ်ပြိုင်နေမှု၊ ပျဉ်းမနားမြို့နယ် (အမျိုးသား)ဘော်လီဘောအသင်းနှင့် တပ်ကုန်းမြို့နယ်(အမျိုးသား) ဘော်လီဘောအသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု ရရှိသော ဘော်လီဘောကစားသမားများကို လည်းကောင်း၊ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် မြို့နယ်အလိုက် အသင်းများကိုလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ်အသင်းနှင့် အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းတို့ကို ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

**အောင်သူရဦး**
**(ဒကွိဏ)**

# မတတ် - မရှိ သံသရာမှ လွတ်မြောက်အောင်

နေမင်းသျှင်

**မြန်မာနိုင်ငံရဲ့ အားနည်းနိမ့်ကျနေတဲ့ ပညာရေးအခြေအနေကို ကျွန်တော်တို့ မကြာခဏဆိုသလို တွေ့မြင် ကြားသိနေကြရပြီး ဖြစ်ပါတယ်။ လူတစ်ဦးချင်းစီရဲ့ ဘဝအခွင့်အလမ်းတွေ ဖန်တီးရာမှာရော နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများမှာပါ အဓိကအရေးပါတဲ့ ပညာရေးကဏ္ဍ နိမ့်ကျနေခြင်းဟာ နိုင်ငံအတွက် အလားအလာကောင်း မဟုတ်ပါဘူး။**

ဒီအခြေအနေဟာ လတ်တလောဖြစ်ပေါ်လာတာမျိုး မဟုတ်ဘဲ အတိတ်ကာလတစ်လျှောက် နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်စဉ်တွေနဲ့ အတူ ကာလရှည်ကြာ ဖြစ်ပေါ်လာခဲ့တာဖြစ်ပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ ပညာရေးမြှင့်တင်မှုအတွက် အစိုးရအဆက်ဆက်က မူဝါဒတွေ ချမှတ်ပြီး မြှင့်တင်ပေးခဲ့ပေမယ့် လိုအပ်ချက်တွေ ရှိနေဆဲဖြစ်သလို ပညာရေးကဏ္ဍ မြှင့်တင်မှုဟာ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် စဉ်ဆက်မပြတ် လုပ်ကိုင်သွားကြရမယ့် လုပ်ငန်းစဉ်တစ်ခုလည်း ဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှာ ပစ္စုပ္ပန်ကာလ မြန်မာနိုင်ငံရဲ့ ပညာရေးအခြေအနေကို တိတိကျကျ၊ ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားတွေ ပညာသင်ကြားရာမှာ အမြင့်ဆုံးရောက်ရှိခဲ့တဲ့ အဆင့်၊ ဘယ်အသက်အရွယ်အထိ ကျောင်းတက်ခဲ့ကြသလဲ စတဲ့ ကိန်းဂဏန်းအချက်အလက်တွေ၊ ကလေးသူငယ်တွေ မူကြိုအရွယ်ကျောင်းနေမှုကနေ အခြေခံ စာတတ်မြောက်မှု၊ အထက်တန်းအဆင့် ပညာဆက်လက်သင်ယူမှုနဲ့ အဆင့်မြင့်ပညာ တတ်မြောက်မှုတွေ၊ မြို့ပြနဲ့ကျေးလက် ပညာရေး ကွာဟချက်တွေ၊ ကျား/မနဲ့ ဒေသအလိုက် ကွဲပြား ခြားနားမှုတွေကိုလည်း သန်းခေါင်စာရင်းမှာ အချက်အလက်များနဲ့ စနစ်တကျရှင်းလင်းတင်ပြထားတာ ဖြစ်ပါတယ်။

❑ **အစိုးရသစ်အနေနဲ့ ပညာရေးအားနည်းတဲ့ ပြည်နယ်တွေအတွက် အထူးစီမံချက်တွေ ချမှတ်ပြီး KG+9 အထိ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားမှာဖြစ်၊ အခြေခံပညာအလယ်တန်းတွေမှာ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံဘာသာရပ်များ သင်ကြားရေးနဲ့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွေ တိုးချဲ့ဖွင့်လှစ်ပေးသွားမှာဖြစ်၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးသိပ္ပံကျောင်းတွေကတစ်ဆင့် သင့်တော်တဲ့ သိပ္ပံကျောင်းတွေကို တက္ကသိုလ်/ကောလိပ် အဆင့်မြှင့်တင်ခြင်းနဲ့ တက္ကသိုလ်တွေ၊ Polytechnic သိပ္ပံတွေနဲ့ တက္ကသိုလ်တွေ တိုးချဲ့ဖွင့်လှစ်နိုင်ရေးလည်း ဆောင်ရွက်ပေးသွားမှာဖြစ်**

## မြန်မာနိုင်ငံမှာ စာတတ်မြောက်မှုနှုန်း ၉၂ ဒသမ ၁ ရာခိုင်နှုန်းရှိ

မြန်မာနိုင်ငံမှာ အသက် ၁၅ နှစ်နဲ့အထက် အရွယ်ရောက်ပြီးသူ ၁၀ ဦးမှာ ၉ ဦးက စာရေးနိုင်၊ ဖတ်နိုင်ကြပြီး စာတတ်မြောက်မှုနှုန်း ၉၂ ဒသမ ၁ ရာခိုင်နှုန်းရှိပါတယ်။ အခြေခံသင်္ချာ တွက်ချက်နိုင်မှုနှုန်းကလည်း ၉၂ ဒသမ ၃ ရာခိုင်နှုန်း ရှိနေတာကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အခြေခံ အရေး၊ အဖတ်၊ အတွက် စွမ်းရည်ညီမျှစွာရှိနေတယ်လို့ ဆိုနိုင်ပါတယ်။ မြို့ပြနဲ့ကျေးလက် စာတတ်မြောက်မှုနှုန်းတွေကို နှိုင်းယှဉ်ကြည့်ရင်တော့ မြို့ပြမှာ ၉၅ ရာခိုင်နှုန်းရှိပြီး ကျေးလက်မှာ ၉၀ ဒသမ ၁ ရာခိုင်နှုန်းရှိနေတာကြောင့် မြို့ပြက ရာခိုင်နှုန်း ကွာခြားချက် ၅ နဲ့ အနည်းငယ်သာပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ကွာခြားချက်တွေမှာတော့ ရန်ကုန်၊ ပဲခူး၊ မန္တလေးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့က အခြေခံ အရေး၊ အဖတ်၊ အတွက် တတ်မြောက်မှု ၉၄ ရာခိုင်နှုန်းကျော်နဲ့ ထိပ်ဆုံးမှာရှိနေကြပြီး နေပြည်တော်၊ တနင်္သာရီ၊ ကချင်နဲ့ မကွေးတို့မှာ တစ်နိုင်ငံလုံးရဲ့ ပျမ်းမျှဖြစ်တဲ့ ၉၂ ရာခိုင်နှုန်းကျော် ဝန်းကျင်မှာ ရှိနေကြတာဖြစ်ပါတယ်။ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်တို့မှာတော့ တစ်နိုင်ငံလုံး ပျမ်းမျှ ရာခိုင်နှုန်းအောက် အနည်းငယ်ရောက်ရှိနေတာကြောင့် ကြိုးပမ်းဆောင်ရွက်မယ်ဆိုရင် ပိုမိုတိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးရဲ့ ပျမ်းမျှအောက် ရောက်ရှိနေတဲ့ ဒေသတွေက ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့ဖြစ်ပြီး ရခိုင်ပြည်နယ်ရဲ့ စာတတ်မြောက်မှုနှုန်းကတော့ ၇၀ ရာခိုင်နှုန်းသာရှိတာကို တွေ့ရပါတယ်။ တစ်နိုင်ငံလုံးရဲ့ ပျမ်းမျှစာတတ်မြောက်မှုနှုန်းအောက်ကို ကျရောက်နေတဲ့ ဒေသတွေအတွက် စာတတ်မြောက်ရေးအစီအစဉ်တွေနဲ့ ဒုတိယအခွင့်အလမ်း သင်ယူမှုအစီအစဉ်တွေကို ပိုမိုစီစဉ်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အသက် ၃ နှစ်ကနေ ၂၅ နှစ်ကြား လူဦးရေ ၁၀ ဒသမ ၅ သန်းခန့်ရှိတဲ့အနက် ၅၆ ဒသမ ၁ ရာခိုင်နှုန်းဟာ လက်ရှိကျောင်းတက်နေကြသူများဖြစ်ကြပြီး ၃၄ ဒသမ ၁ ရာခိုင်နှုန်းဟာ ယခင်က ကျောင်းတက်ခဲ့ဖူးသူများ ဖြစ်တယ်လို့ ၂၀၂၄ သန်းခေါင်စာရင်းမှာ ဖော်ပြထားပါတယ်။ ကျောင်းလုံးဝ မတက်ဖူးသူ ၉ ဒသမ ၈ ရာခိုင်နှုန်း ရှိတယ်လို့လည်း ဆိုပါတယ်။ မြို့ပြဒေသများက ကျေးလက်ဒေသများထက် လက်ရှိကျောင်းတက်ရောက်နေသူအချိုးအစား ပိုမိုများပြားတာကို တွေ့ရပြီး ရာခိုင်နှုန်းအားဖြင့် မြို့ပြမှာ ၅၇ ဒသမ ၄ ရာခိုင်နှုန်း၊ ကျေးလက်မှာ ၅၅ ဒသမ ၂ ရာခိုင်နှုန်း ရှိနေတယ်လို့ တွေ့ရပါတယ်။ ယခင်ကျောင်းတက်ခဲ့ဖူးသူ ရာခိုင်နှုန်းမှာလည်း မြို့ပြဒေသက ပိုမိုမြင့်မားတာကြောင့် မြို့ပြဒေသတွေမှာ ပညာရေး အခွင့်အလမ်းတွေ ပိုမိုရရှိခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ လုံးဝကျောင်းမတက်ဖူးသူ များပြားတဲ့ ဒေသတွေအနေနဲ့ ကရင်ပြည်နယ်မှာ ၁၂ ဒသမ ၉ ရာခိုင်နှုန်းနဲ့ ရှမ်းပြည်နယ်မှာ ၁၇ ဒသမ ၁ ရာခိုင်နှုန်းအထိ ရှိနေပြီး ရခိုင်ပြည်နယ်ကတော့ ၃၆ ဒသမ ၄ ရာခိုင်နှုန်းနဲ့ လုံးဝ ကျောင်းမတက်ဖူးသူ အများဆုံးရှိနေတာ ဖြစ်ပါတယ်။

## အမြင့်ဆုံးပညာအရည်အချင်းကို ဖော်ပြ

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းမှာ အရွယ်ရောက်သူများ ပြီးမြောက်ခဲ့တဲ့ အမြင့်ဆုံးပညာအရည်အချင်းကို ဖော်ပြထားရာမှာ မူလတန်းပညာရေး မပြီးမြောက်သေးသူများကနေ ဘွဲ့လွန်ဒီဂရီရသူများအထိ ပါဝင်ပါတယ်။ အရွယ်ရောက်သူ လူဦးရေ စုစုပေါင်းရဲ့ ၄၆ ရာခိုင်နှုန်းဟာ KG သို့မဟုတ် မူလတန်းအဆင့်ကိုသာ ပြီးမြောက်ခဲ့ကြပါတယ်။ ကျား/မ ခွဲခြားကြည့်ရင်တော့ အမျိုးသား ၄၃ ဒသမ ၆ ရာခိုင်နှုန်းနဲ့ အမျိုးသမီး ၄၈ ဒသမ ၀ ရာခိုင်နှုန်း ရှိနေတာကြောင့် ရာခိုင်နှုန်းကွာခြားချက် ၄ ဒသမ ၄ နဲ့ အမျိုးသမီးတွေက ပိုများပါတယ်။ အလယ်တန်းအဆင့် ပညာရေးပြီးမြောက်သူတွေကတော့ လူဦးရေရဲ့ ၂၃ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး အမျိုးသားဦးရေက ပိုများပါတယ်။

အခြေခံပညာ အထက်တန်းအဆင့် ပြီးမြောက်သူကတော့ လူဦးရေရဲ့ ၁၄ ရာခိုင်နှုန်းရှိပါတယ်။ ဒီအဆင့်မှာလည်း အမျိုးသား ၁၅ ဒသမ ၆ ရာခိုင်နှုန်း၊ အမျိုးသမီး ၁၂ ဒသမ ၆ ရာခိုင်နှုန်းနဲ့ အမျိုးသားတွေက ပိုများတာကို တွေ့နိုင်ပါတယ်။ နည်းပညာနဲ့ သက်မွေးပညာသင်တန်း (TVET) အောင်မြင်သူ ဒါမှမဟုတ် မဟာဘွဲ့၊ ပါရဂူဘွဲ့ရသူတွေကတော့ ၁၀၀၀ မှာ တစ်ယောက်၊ နှစ်ယောက်လောက်သာရှိပြီး အမျိုးသမီး အမျိုးသား ကွာခြားမှုမရှိသလောက်ဖြစ်တယ်လို့ သိရပါတယ်။

တက္ကသိုလ်/ကောလိပ် အဆင့်တစ်ခုခုကို တက်ရောက်ပြီးသူက လူဦးရေရဲ့ ၁ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး အမျိုးသားက ၂ ရာခိုင်နှုန်း၊ အမျိုးသမီးက ၁ ဒသမ ၃ ရာခိုင်နှုန်းဖြစ်လို့ အမျိုးသားတွေက ပိုများပါတယ်။ မဟာဘွဲ့အောက်အဆင့် ဘွဲ့ရရှိသူ လူဦးရေက ၁၁ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးက ၁၃ ဒသမ ၂ ရာခိုင်နှုန်း၊ အမျိုးသားက ၉ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဖော်ပြခဲ့တဲ့ ကိန်းဂဏန်း အချက်အလက်တွေအရ မူလတန်းအဆင့်မှာ အမျိုးသမီးပါဝင်မှု မြင့်မားပြီး အလယ်တန်းအဆင့်မှာတော့ အမျိုးသားက ပိုများခဲ့တယ်။ ဘွဲ့ရအဆင့်မှာတော့ အမျိုးသမီးတွေ ပြန်များလာတာကို တွေ့ရပါတယ်။

## ကျောင်းထွက်ရတာဟာ မိသားစုအတွင်း ဖိအားများကြောင့်ဖြစ်

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းပါ အချက်အလက်များအရ ကျောင်းသား ကျောင်းသူ အများစု ကျောင်းထွက်ရတာဟာ ပညာရေးစနစ်ကြောင့် မဟုတ်ဘဲ မိသားစုအတွင်း ဖိအားများကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။ အဓိကအကြောင်းရင်းတစ်ခုဖြစ်တဲ့ မိသားစုကို ကူညီရန်/ အိမ်အလုပ်များ လုပ်ကိုင်ရန်/ မိဘဆွေမျိုးများကို ပြုစုစောင့်ရှောက်ရန် ကျောင်းထွက်ရခြင်းက ၂၇ ဒသမ ၁ ရာခိုင်နှုန်း ရှိနေတာကြောင့် အိမ်မှုကိစ္စနဲ့ ပြုစုစောင့်ရှောက်မှု တာဝန်တွေက ကလေးတွေနဲ့ ဆယ်ကျော်သက်တွေကို ကျောင်းကထွက်ဖို့ တွန်းအားပေးနေတာဖြစ်ပါတယ်။

ဒုတိယအကြောင်းရင်း တစ်ခုကတော့ ကျောင်းစရိတ် မတတ်နိုင်လို့ ၂၀ ဒသမ ၆ ရာခိုင်နှုန်းနဲ့ မိသားစုရဲ့ အလုပ်တွေဖြစ်တဲ့ စိုက်ပျိုးရေးမှာ ဝင်လုပ်ဖို့ ၁၂ ဒသမ ၁ ရာခိုင်နှုန်း၊ အခြားအလုပ်တွေ ၁၃ ဒသမ ၁ ရာခိုင်နှုန်းတို့ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသား ကျောင်းသူတွေ ကျောင်းထွက်ကြရတဲ့ အဓိက အကြောင်းရင်းနှစ်ချက်ဟာ မိသားစုရဲ့ စီးပွားရေးအခြေအနေနဲ့ သွယ်ဝိုက်ပြီးဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ သက်ဆိုင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ မိသားစုတွေရဲ့ လူမှုစီးပွားဘဝ နိမ့်ကျတဲ့ အခြေအနေတွေက ကျောင်းနေအရွယ် ကလေးတွေနဲ့ ဆယ်ကျော်သက်တွေရဲ့ ပညာရေးကိုပါ ထိခိုက်လာစေတာပဲ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ပညာရေးကို အလယ်တန်း/ အထက်တန်းအဆင့်လောက်သာ မျှော်မှန်းထားပြီး ဆုံးခန်းတိုင်သည်အထိ မသင်ဖို့ နဂိုကတည်းက ဆုံးဖြတ်ထားကြသူတွေ ဖြစ်ပါတယ်။ ကျောင်းဆက်မတက်သူ ၁၇ ဒသမ ၃ ရာခိုင်နှုန်းက "လိုချင်တဲ့ ပညာရေးအဆင့်ကို ပြီးမြောက်ပြီး" ကျောင်းထွက်တယ်လို့ သန်းခေါင်စာရင်းအချက်အလက်များ ကောက်ယူချိန်မှာ ဖြေဆိုထားခဲ့ပါတယ်။ ကလေးရဲ့ သင်ယူမှုအခက်အခဲ သို့မဟုတ် စိတ်မဝင်စားမှု ၄ ဒသမ ၄ ရာခိုင်နှုန်း၊ နာမကျန်း သို့မဟုတ် မသန်စွမ်းခြင်း ၂ ဒသမ ၃ ရာခိုင်နှုန်း စသည်ဖြင့် အကြောင်းရင်း အနည်းငယ်တို့ကိုလည်း တွေ့ရပြီး ကျောင်းသို့သွားရန် ဝေးလံခက်ခဲခြင်း၊ လုံခြုံရေး ပြဿနာရှိခြင်း၊ သဘာဝဘေးအန္တရာယ်သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခကဲ့သို့ အတားအဆီးများရှိခြင်း စတဲ့ အကြောင်းတွေကတော့ ၁ ရာခိုင်နှုန်းစီလောက်သာ ရှိတယ်လို့ သိရပါတယ်။ အရွယ်မရောက်မီ လက်ထပ်ခြင်း သို့မဟုတ် ကိုယ်ဝန်ဆောင်ခြင်းကြောင့် ကျောင်းထွက်ရသူက ၁ ဒသမ ၁ ရာခိုင်နှုန်းကျော်သာ ရှိတယ်လို့လည်း သိရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ လူမှုရေး ဓလေ့ထုံးစံတွေထက် စီးပွားရေး လိုအပ်ချက်တွေကြောင့် ကျောင်းထွက်မှုကို ပိုမိုဖြစ်ပေါ်စေတယ်လို့ သန်းခေါင်စာရင်းအချက်အလက်တွေအရ သိရပါတယ်။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းပါ အချက်အလက်တွေအရ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍဟာ မဖြစ်မနေ မြှင့်တင်ပေးသွားဖို့ လိုအပ်တယ်ဆိုတာ ထင်ရှားပါတယ်။ ဒါကြောင့်လည်း အစိုးရသစ်ကို ဦးဆောင်သွားမယ့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြည်ထောင်စုလွှတ်တော် ကတိသစ္စာပြုပွဲ အခမ်းအနားမှာ မိန့်ခွန်းပြောကြားတဲ့အခါ နိုင်ငံရဲ့အနာဂတ်အတွက် အဓိကကျတဲ့ ပညာရေးကဏ္ဍနဲ့ ကျန်းမာရေးကဏ္ဍကို အခြေခံအဆင့်ကစလို့ မြှင့်တင်ပေးသွားမှာ ဖြစ်ကြောင်း၊ မိမိတို့ရဲ့ကလေးတွေ၊ ကျောင်းသားကျောင်းသူတွေ၊ လူငယ်တွေမှာ နိုင်ငံတကာအဆင့်မီ ပညာရေးကို ရရှိဖို့နဲ့ ပြည်သူတိုင်း ကျန်းမာရေး စောင့်ရှောက်မှု အလွယ်တကူရရှိစေဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံဟာ လွတ်လပ်ရေးရရှိခဲ့တဲ့ အချိန်ကစပြီး ခေတ်အဆက်ဆက် ဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် နယ်စပ်ဒေသအပါအဝင် တချို့ဒေသတွေမှာ ပညာသင်ကြားခွင့်တွေ ဆုံးရှုံးခဲ့ရပြီး ပညာရည်နိမ့်ပါးခဲ့ကြရကြောင်း၊ ယခုလည်း တချို့ဒေသတွေမှာ ဖြစ်ပွားနေတဲ့ လက်နက်ကိုင် ပဋိပက္ခတွေကြောင့် ကလေးတွေရဲ့ ပညာသင်ကြားခွင့်တွေ ဆုံးရှုံးနေရကြောင်း၊ ဒါကြောင့် ပညာရေးကဏ္ဍကို နေရာဒေသ ကွာခြားမှုမရှိ တစ်ပြေးညီမြှင့်တင်နိုင်ဖို့အတွက် အထူးအလေးပေး ဆောင်ရွက်သွားမှာဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့တာ ဖြစ်ပါတယ်။

အစိုးရသစ်အနေနဲ့ ပညာရေးအားနည်းတဲ့ ပြည်နယ်တွေအတွက် အထူးစီမံချက်တွေ ချမှတ်ပြီး KG+9 အထိ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အကြောင်း၊ အခြေခံပညာ အလယ်တန်းတွေမှာ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံဘာသာရပ်များ သင်ကြားရေးနဲ့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွေ တိုးချဲ့ဖွင့်လှစ်ပေးသွားမှာဖြစ်တဲ့အကြောင်း၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေး သိပ္ပံကျောင်းတွေကတစ်ဆင့် သင့်တော်တဲ့ သိပ္ပံကျောင်းတွေကို တက္ကသိုလ်/ကောလိပ် အဆင့်မြှင့်တင်ခြင်းနဲ့ တက္ကသိုလ်တွေ၊ Polytechnic သိပ္ပံတွေနဲ့ တက္ကသိုလ်တွေ တိုးချဲ့ဖွင့်လှစ်နိုင်ရေးလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

*စာမျက်နှာ ၁၁ သို့*

# အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၂၇**

အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အဖွဲ့ဝင် ဦးထွန်းထွန်းဝင်း၊ အမြဲတမ်းအတွင်းဝန်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားတွင် ပြန်တမ်းဝင်အရာရှိများအဖြစ် စတင်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းလောင်းများအနေဖြင့် မိမိတို့၏ဝန်ကြီးဌာန/ အဖွဲ့အစည်းများ၌ လုပ်ငန်းကဏ္ဍအလိုက်၊ အဆင့်အလိုက် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်ပြီး နိုင်ငံ့အကျိုးရှေးရှု၍ ပြည်သူလူထုကို အလုပ်အကျွေးပြုနိုင်သည့် နိုင်ငံ့ဝန်ထမ်းအရာရှိကောင်းများ ဖြစ်လာစေရန် ယခုကဲ့သို့ သင်တန်းကို ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း။

အစိုးရသစ် စတင်တာဝန်ထမ်းဆောင်ချိန်တွင် နိုင်ငံတော်မှချမှတ်ထားသော မူဝါဒကို ဝန်ထမ်းအဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းများသည် အဓိကအခန်းကဏ္ဍမှပါဝင်၍ လိုက်ပါအကောင်အထည်ဖော်ရန်၊ ချမှတ်ထားသော မူဝါဒ၊ ရည်မှန်းချက်များကို ထဲထဲဝင်ဝင်သိရှိရန် အရေးကြီးပါကြောင်း။ **“ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်”** ဟူသော ဆောင်ပုဒ်နှင့်အညီ ဝန်ထမ်းကောင်းများဖြစ်စေရန်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာ လိုက်နာစောင့်ထိန်းကြရန် တိုက်တွန်းမှာကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၇၆ ဦး၊ သင်တန်းသူ ၇၇ ဦး စုစုပေါင်း ၁၅၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၆ ပတ် ကြာမြင့်မည်ဖြစ်သည်။

ထို့နောက် ပင်မရုံးအစည်းဝေးခန်းမ၌ တက္ကသိုလ်မှ တာဝန်ရှိသူများက တက္ကသိုလ်၏ သမိုင်းကြောင်း၊ လုပ်ငန်းတာဝန်များနှင့် သင်တန်းများအောင်မြင်စွာဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားမှုများကို ရှင်းလင်းတင်ပြရာ ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းမှာကြားပြီး ရာထူးအဆင့်အလိုက် တက်ရောက်ရသော သင်တန်းများ၏ သင်ရိုးညွှန်းတမ်းများကို အစိုးရသစ်၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့် ကိုက်ညီစေရေးပြင်ဆင်သွားရန်၊ အစိုးရသစ်၏ ရက်(၁၀၀)စီမံကိန်းနှင့်ပတ်သက်၍ သိရှိနားလည်ကာ ပြည်သူ့အကျိုးကိုရှေးရှုသော၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်သော နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာစေရေး စီမံချက်များ ချမှတ်၍ လေ့ကျင့်သင်ကြားပေးရန် မှာကြားသည်။

ယင်းနောက် ရတနာခန်းမ၌ တက္ကသိုလ်မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားပြီး တက္ကသိုလ်တွင် ဖွင့်လှစ်မည့်သင်တန်းများအတွက် သင်တန်းဆောင်များနှင့် စာသင်ခန်းမများ ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တက္ကသိုလ်တွင် သင်တန်းသား သင်တန်းသူများနှင့် ဝန်ထမ်းမိသားစုဝင်များ သက်သာချောင်ချိရေးအတွက် ဟင်းသီးဟင်းရွက် စိုက်ခင်းများနှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထားရှိမှုနှင့် သင်တန်းရိက္ခာအဖြစ် မွေးမြူထားရှိသည့် အသားစားကြက်၊ ဥစားကြက်ခြံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကဆုန်ညောင်ရေသွန်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ မေ ၂၇**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ကဆုန်ညောင်ရေသွန်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက ကဆုန်ညောင်ရေသွန်းပွဲတော်နှင့်အတူ လောကာနန္ဒာစေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ယခင်နှစ်အတွေ့အကြုံများနှင့် ပေါင်းစပ်ကာ ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

ပြီးခဲ့တဲ့ မေ ၂၀ ရက်က ကျင်းပတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ပထမဆုံးအစည်းအဝေးမှာလည်း နိုင်ငံတော်သမ္မတက ငါးနှစ်တာကာလ လုပ်ဆောင်ရန် လိုအပ်သည်များကို ပြောကြားခဲ့တာနဲ့အတူ အစိုးရအဖွဲ့ရဲ့ ပထမဆုံး ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမယ့် လုပ်ငန်းတွေမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ သုတေသနစွမ်းရည်မြှင့်တင်တဲ့ ရှေ့ပြေးတက္ကသိုလ်တွေ တည်ဆောက်ပေးသွားမှာဖြစ်ပြီး အဓိကအားဖြင့် Nay Pyi Taw State Academy၊ ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်တို့မှာ Research and Activation တွေကို ရှေ့ပြေးတက္ကသိုလ်များအဖြစ် သတ်မှတ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ လာမယ့် ၂၀၂၆–၂၀၂၇ ပညာသင်နှစ်ကစပြီး အလယ်တန်းပညာအဆင့်မှာ စက်မှု၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးပညာရပ်တွေကို ထည့်သွင်းသင်ကြားပေးသွားမှာဖြစ်ကြောင်း၊ ဗလငါးတန်ပြည့်ဝတဲ့ ကျောင်းတွေဖြစ်စေရေးအတွက် အခြေခံပညာကဏ္ဍမှာ Smart School နဲ့ Football for School program ကိုလည်း အားကစားရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့နဲ့ ပေါင်းစပ်ပြီး ရက်ပေါင်း ၁၀၀ အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့မှာရှိတဲ့ ကျောင်းတွေမှာ Pilot Project အနေနဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ မူကြိုကျောင်းတွေကို အဆင့်မြှင့်တင်ပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အဲဒီအစည်းအဝေးမှာပဲ နိုင်ငံတော်ရဲ့ ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေကို ပညာရေးကဏ္ဍမှာ ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ပြောကြားခဲ့ပြီး ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်မှာ ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေရဲ့ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍများ ပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုသွားမှာ ဖြစ်ကြောင်း၊ လာမယ့် ဘဏ္ဍာရေးနှစ်မှာလည်း ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေရဲ့ ၁၀ ရာခိုင်နှုန်းထက်မနည်း အသုံးပြုသွားမှာဖြစ်ပြီး လာမယ့် တစ်နှစ်ကျော်မှာ နိုင်ငံတော်ဘဏ္ဍာငွေရဲ့ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားမှာဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်တဲ့ ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့တာကို တွေ့ရပါတယ်။

အထက်မှာ ဖော်ပြခဲ့တဲ့ သတင်းအချက်အလက်တွေအရ ယခုအစိုးရအဖွဲ့သစ် တာဝန်ယူတဲ့ကာလမှာ ပထမဆုံး ရက် ၁၀၀ ကနေစပြီး Quick win အစီအစဉ်များနဲ့အတူ ပညာရေးကဏ္ဍ တိုးတက်မြင့်မားစေရေးကို ဦးတည်တဲ့ဆောင်ရွက်မှုများ အရှိန်အဟုန်တစ်ရပ်နဲ့ ဖြစ်ပေါ်လာမယ်လို့ ခန့်မှန်းရှုမြင်နိုင်ကြပါတယ်။ ဒီနေရာမှာ မိမိတို့အားလုံးနားလည်ထားကြရမှာက နိုင်ငံတော်ရဲ့ ပညာရေးကဏ္ဍ မြှင့်တင်ရေးဟာ အစိုးရရဲ့ ဆောင်ရွက်မှုသက်သက်နဲ့ အောင်မြင်မှုမရရှိနိုင်ဘူးဆိုတဲ့အချက်ဖြစ်ပါတယ်။ အစိုးရအနေနဲ့ ပညာရေးကဏ္ဍ မြှင့်တင်ရေးအစီအစဉ်တွေ ဘယ်လိုပဲလုပ်လုပ် နိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ ပညာရေးအပေါ် အလေးထားမှု မရှိရင်၊ မိမိတို့ရဲ့ ရင်သွေးသားသမီးတွေကို ပညာရေးပြီးပြည့်စုံသည်အထိ သင်ကြားပေးဖို့ စိတ်ဆန္ဒ မရှိကြရင် တစ်မျိုးသားလုံးရဲ့ ပညာအရည်အချင်းဟာလည်း ဆက်လက်နိမ့်ကျနေမှာဖြစ်ပါတယ်။ အရွယ်နည်းနည်းရောက်လာတဲ့ သားသမီးကို ကျောင်းထွက်ခိုင်းပြီး ရေခပ်၊ ထမင်းချက်၊ ကလေးထိန်းစတဲ့ အိမ်အလုပ်ခိုင်းစေတာ၊ စိုက်ရေး ပျိုးရေး၊ စီးပွားရေးမှာ ဝိုင်းကူခိုင်းတာတွေဟာ သားသမီးတွေရဲ့ အနာဂတ်ကို ဘူးသီးနုနုအမွေးသပ်သလို သတ်လိုက်ခြင်းလည်း ဖြစ်ပါတယ်။

ပညာမတတ်၊ ကျွမ်းကျင်မှုပညာလည်း ဘာတစ်ခုမှမရှိဘဲ အိမ်နီးချင်းနိုင်ငံနဲ့ တခြားနိုင်ငံတွေမှာ အန္တရာယ်များတဲ့အလုပ်၊ နိမ့်ကျတဲ့အလုပ်တွေသွားလုပ်ပြီး လတ်တလော ငွေရှာကြမယ့်အစား နိုင်ငံတော်ရဲ့ ပညာရေးစနစ်နဲ့အညီ အခြေခံပညာအလယ်တန်း (KG+9) ပြီးမြောက်တဲ့အထိ စာသင်၊ ပြည်ပအလုပ်အကိုင်အတွက် အသက်မွေးဝမ်းကျောင်း အတတ်ပညာတွေသင်ယူပြီး ကျွမ်းကျင်လုပ်သားများအဖြစ် သွားရောက် လုပ်ကိုင်ကြခြင်းက ပိုပြီးသက်သောင့်သက်သာရှိကြမယ့်အပြင် လုပ်ခလစာလည်း ပိုမိုမြင့်မားစွာရရှိကြမှာဖြစ်ပါတယ်။ မိမိတို့ရဲ့ ဝင်ငွေရလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများမှာ သားသမီးများကို ခိုင်းစေမယ်ဆိုရင်လည်း အခြေခံပညာ အလယ်တန်းပြီးဆုံးအောင်မြင်ပြီး စက်မှု၊ စိုက်/မွေးစတဲ့ သက်မွေးဝမ်းကျောင်းပညာတစ်ခုခု တတ်မြောက်တဲ့ သားသမီးတွေနဲ့အတူ လုပ်ကိုင်ကြခြင်းက ပိုမိုတိုးတက်ဖြစ်ထွန်းနိုင်ကြမှာ ဖြစ်ပါတယ်။

ဒီကနေ့ မိမိတို့ရဲ့ နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာမှာ ထူးချွန်ထက်မြက်တဲ့ လူ့စွမ်းအားအရင်းအမြစ်အားကောင်းမောင်းသန်ရှင်သန်ဖွံ့ဖြိုးနေဖို့ လိုပါတယ်။ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ နည်းပညာရှင်တွေ၊ ကျွမ်းကျင်သူတွေ အမြောက်အမြား လိုအပ်နေပေမယ့် လက်ရှိမိမိတို့နိုင်ငံမှာ လူဦးရေ ထက်ဝက်လောက်က မူလတန်းပညာရေးလောက်ပဲ တတ်မြောက်နေကြတာ၊ လူဦးရေ သုံးပုံတစ်ပုံနီးနီးက ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်ကို ရောက်ရှိနေတာကြောင့် အမျိုးသားပညာရေးကို မြှင့်တင်ကြရမယ့်အရေးဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ တစ်မျိုးသားလုံးက အရေးတကြီး ဆောင်ရွက်ကြရမယ့် အမျိုးသားရေးဖြစ်ပါတယ်။

ဆင်းရဲနွမ်းပါးလို့ ပညာမတတ်၊ ပညာမတတ်လို့ ဆင်းရဲနွမ်းပါးတဲ့ မတတ်–မရှိသံသရာက လွတ်မြောက်အောင် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ကြရာမှာ အစိုးရက ဦးစီးဦးဆောင် အကောင်အထည်ဖော်ခြင်းနဲ့အတူ နိုင်ငံသူ နိုင်ငံသားအားလုံးကလည်း နိုးကြားတက်ကြွစွာ လိုက်ပါဆောင်ရွက်ကြဖို့ တိုက်တွန်းဆော်ဩလိုက်ရပါတယ်။ ။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

**နေပြည်တော် မေ ၂၇**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၄)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၄)မှ သင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင် ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။ **(အပေါ်ပုံ)**



ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၄)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-

၁။ နိုင်ငံသားတစ်ယောက်အနေနဲ့ပေါ့နော် ဒီပြည်သူ့စစ်မှုထမ်းကို ထမ်းဆောင်သင့်တယ် ထင်လို့ ကျွန်တော်လာပြီးတော့ ထမ်းဆောင်တာ ဖြစ်ပါတယ်။ ဘယ်လိုခံယူချက်လဲ ဆိုတော့ မြန်မာနိုင်ငံမှာရှိတဲ့ သူတွေပေါ့ ယောကျ်ားသားတိုင်းက ဒီပြည်သူ့စစ်မှုထမ်းကို မည်သူမဆို ထမ်းဆောင်သင့်တယ် ထင်လို့ ကျွန်တော်လာရောက်ထမ်းဆောင်ခြင်းဖြစ်ပါတယ်။ ကျွန်တော့်မိသားစုတွေကတော့ ပြည်သူ့စစ်မှုထမ်းကို လိုလိုလားလားနဲ့ပေါ့။ မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့ပေါ့။ သူတို့ကတော့ တက်ရောက်စေချင်တယ်၊ ကျွန်တော်ကိုယ်တိုင်ကလည်း တက်ရောက်ချင်တဲ့စိတ်ရှိလို့ ပြည်သူ့စစ်မှုထမ်းကို တက်ရောက်ခြင်းဖြစ်ပါတယ်။ ကိုယ်ဝါသနာပါတာလည်း ဖြစ်သလို ကိုယ့်မိဘတွေကလည်း လိုက်ပြီးတော့ လိုက်လျောညီထွေစွာနဲ့ တိုက်တွန်းပေးတယ်။ ပြီးတော့ ဒီမှာအပေါင်းအသင်းဘော်ဒါတွေလည်းရှိတော့ ပိုပြီးတော့ ပျော်ရွှင်ရပါတယ်။ ပြည်သူ့စစ်မှုထမ်းကို ပြဋ္ဌာန်းလိုက်တဲ့အချိန်မှာဆိုရင်တော့ နိုင်ငံသားတစ်ယောက်အနေနဲ့ ကိုယ့်နိုင်ငံကို တာဝန်ယူကာကွယ်ရမယ်ဆိုပြီး သိရှိနားလည်လာပါတယ်။ ပြီးတော့ မျိုးချစ်စိတ်ဓာတ်နဲ့ နိုင်ငံကိုကာကွယ်ချင်တဲ့ စိတ်လည်း ဖြစ်လာပါလိမ့်မယ်။

၂။ တာဝန်သိတတ်တဲ့နိုင်ငံသားတစ်ယောက်အနေနဲ့ ကျွန်တော်ကျရာတာဝန်ကို လာရောက်ထမ်းဆောင်ခြင်းဖြစ်ပါတယ်။ ကျွန်တော်သင်တန်းပြီးသွားလို့ တာဝန်ကျတဲ့ တပ်ဌာနတွေမှာ ကျွန်တော်တာဝန်ကျေပွန်အောင်ထမ်းဆောင်သွားမယ်လို့ ပြောချင်ပါတယ်။

၃။ ကျွန်တော်ကိုယ်တိုင်လည်း ဒီသင်တန်းကို တက်ရောက်ဖို့စိတ်ပါဝင်စားစွာ လာရောက်










တက်ရောက်ခြင်း ဖြစ်ပါတယ်။ အလွန်ကောင်းပါတယ်။ မြန်မာနိုင်ငံသားအားလုံးလည်း ပါဝင်ဖို့ဖိတ်ခေါ်ပါတယ်။ ကျွန်တော့်အနေနဲ့သင်တန်းမှာ သင်ပြသွားမယ့် ဘာသာရပ်တိုင်းကို အကောင်းဆုံးနဲ့အတတ်နိုင်ဆုံးကြိုးစားပြီးတော့ လေ့လာသွားပါမယ်။ ဒီသင်တန်း အပတ်စဉ် (၂၄) ပြီးဆုံးသွားရင် ကျွန်တော့်ရဲ့ ကျရာတာဝန်ကို၊ တပ်ရင်းကပေးတဲ့ တာဝန်ကို အကောင်းဆုံး ထမ်းဆောင်သွားပါမယ်။

# မွန်ပြည်နယ်၌ ရေကြောင်းလူငယ်အခြေခံ/တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲကျင်းပ

**မော်လမြိုင် မေ ၂၇**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တို့မှ ပူးပေါင်းဖွင့်လှစ်သည့် မော်လမြိုင် သင်တန်းစခန်းရေကြောင်းလူငယ်အခြေခံ/တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများအား စားသောက်စရိတ်နှင့် သင်တန်းစရိတ်အတွက် ငွေကျပ် ၃၆၂၀၀၉၄၆ ကို လည်းကောင်း၊ တိုင်းမှူးက ချီးမြှင့်ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက စားသောက်ဖွယ်ရာများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက သင်ကြားပေးသွားမည့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မူလတန်းဆင့်သင် ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့်တင်ရေး (ပြည်နယ်အဆင့်)သင်တန်းဖွင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်က အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်ရေး (ပြည်နယ်အဆင့်) သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ မော်လမြိုင်တက္ကသိုလ် အင်္ဂလိပ်စာ ပါမောက္ခ/ဌာနမှူးက သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသော သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ အဆိုပါ သင်တန်းကို မေ ၂၀ ရက်မှ မေ ၂၂ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ပြီး မူလတန်း ဆရာ ဆရာမ ၂၈၆ ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

❖ ***ရွှေဖုံးမှ***

၁၉၉၉ ခုနှစ် မတိုင်မီက မျိုးသုဉ်း ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မြန်မာ့ကြယ်လိပ်ကို မျိုးရင်းပျောက်ကွယ်မှုမရှိစေရန်နှင့် ဆက်လက်မျိုးပွားနိုင်စေရန် လောကနန္ဒာဥယျာဉ်၊ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မင်းစုံတောင်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း ထိန်းသိမ်းခဲ့ပြီးကောင်ရေ ၁၀၀၀၀ ခန့် ရှင်သန်ခဲ့ကြောင်း၊ ကောင်ရေလျော့ကျမှုမရှိစေရန် တောမီးလောင်ခြင်း၊ နေထိုင်ရာဒေသများဆုံးရှုံးခြင်းနှင့် တရားမဝင်ရောင်းဝယ်ခြင်းတို့ကို တားဆီးကာကွယ်ထားကြောင်း သိရသည်။

ထို့အတူ မြန်မာ့တိုက်လိပ်သည် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ချင်းတွင်းမြစ်အထက်ပိုင်းသောင်ပြင် တောစပ်တို့၌ ရှင်သန်ကျက်စားလေ့ရှိပြီး ၂၀၁၁ ခုနှစ်တွင် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် စတင်မွေးမြူခဲ့သည်။ မြန်မာနိုင်ငံ၌သာရှိသော ဒေသမျိုးရင်းဖြစ်၍ ကမ္ဘာပေါ်ရှိ လိပ်မျိုးစိတ်များအနက် ဒုတိယရှားပါးမျိုးစိတ်ဖြစ်ရာ မျိုးသုဉ်းမှုမရှိစေရန်၊ သုတေသန ပြုလုပ်နိုင်ရန်နှင့် အများပြည်သူ လေ့လာနိုင်ရန် စမ်းသပ်မွေးမြူထားပြီး ယနေ့တိုင် ထိန်းသိမ်းကာကွယ်ထားသည်။

မြန်မာနိုင်ငံရှိ လိပ်မျိုးစိတ် ၃၁ မျိုးတွင် ပင်လယ်လိပ်ငါးမျိုး၊ ရေချိုလိပ် ၂၂ မျိုးနှင့် ကုန်းလိပ်လေးမျိုးရှိပြီး ကုန်းလိပ်သည် အပင်မျိုးစိတ်များနှင့် မှိုမျိုးစိတ်များ မျိုးပွားနိုင်စေရန် မျိုးစေ့များဝတ်မှုံကူးပေးခြင်း၊ ဝတ်ဆံများနှင့်ပိုးမွှားများကို သယ်ဆောင်ပေးခြင်းဖြင့် ဂေဟစနစ်နှင့် လူသားတို့ကို အကျိုးပြုနေပြီး ရေလိပ်များသည် ရေထုညစ်ညမ်းစေသည့် ဓာတ်သတ္တုများ၊ ရေညှိရေမှော်များ၊ မြစ်ချောင်းအတွင်းရှိ အင်းဆက်ပိုးမွှားများကို စားသောက်ခြင်းဖြင့် အင်းအိုင်များကို သန့်စင်စေလျက် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိန်းသိမ်းပေးသည်။

ကုန်းလိပ်မျိုးစိတ် ၁၁ မျိုး၌ ဖက်လိပ်၊ လေးကွက်လိပ်နှင့် မြန်မာ့အနားပျော့လိပ် စသည့် မျိုးစိတ်အသစ်သုံးမျိုးကို ထပ်မံတွေ့ရှိထားပြီး ကြယ်လိပ်နှင့် တိုက်လိပ်သည် ကမ္ဘာ့ရှားပါးစာရင်းဝင် မြန်မာ့မျိုးရင်းအဖြစ် ထင်ရှားကျော်ကြားသည့်အတွက် တရားမဝင် ဖမ်းဆီးမှုကြောင့် မျိုးသုဉ်းမှုမရှိစေရန် ဝိုင်းဝန်းထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။ **ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# ရဟန္တာတစ်ထောင်ရှင်ပင်မြတ်စွာဆုတောင်းပြည့်စေတီတော်၌ ကျင်းပသည့် ဒုတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲပြုလုပ်

**နေပြည်တော် ဧပြီ ၂၇**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ အုပ်စု ရွှေမိုးတောင်ပေါ်တွင် ကိန်းဝပ်တည်ရှိတော်မူသော ရဟန္တာတစ်ထောင်ရှင်ပင် မြတ်စွာဆုတောင်းပြည့်စေတီတော်၌ကျင်းပသည့် ဒုတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အင်းလေးကျောင်းတိုက်ဆရာတော် ပြည်နယ်သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တဓမ္မနန္ဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အင်းလေးကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ နာယူဆောက်တည်ကြပြီး တာဝန်ရှိသူတစ်ဦးက သာသနာရေးရာဆိုင်ရာများအား လျှောက်ထားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



**နေပြည်တော် ဧပြီ ၂၇**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတွမ်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**တောင်ငူ ဧပြီ ၂၇**

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ တောင်ငူလေတပ်စခန်းဌာနချုပ် မီတာ-၃၀၀ စက်ပစ်ကွင်း၌ ကျင်းပပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်၊ တောင်ငူလေတပ်စခန်းဌာနချုပ် လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးကြီး ရန်နိုင်၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ/စစ်သည်များ၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။



ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ် လေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးကြီး ရန်နိုင်က အမှာစကားပြောကြားသည်။ ထို့နောက် လေတပ်စခန်းဌာနချုပ်မှူးက မိုးပျံပူဖောင်းအား သေနတ်ဖြင့် ပစ်ဖောက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲပထမနေ့ပွဲစဉ်များဖြစ်သည့် အမျိုးသား ပစ္စတိုပွဲစဉ် (အမြန်နှင့် လျှပ်တစ်ပြက်)၊ အမျိုးသမီးပစ္စတိုပွဲစဉ် (အမြန်နှင့် လျှပ်တစ်ပြက်)၊ အမျိုးသမီး ကာဘိုင်ပွဲစဉ်များကို ကြည့်ရှုအားပေးသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိ ဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်းတို့ဖြင့် ဧပြီ ၂၇ ရက်မှ မေ ၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဧပြီ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Thu Thu Xtet San” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ် (၃)ရပ်ကွက်နေ သူသူထက်စံ(ခ)သုန်သုန်အား ညနေ ၄ နာရီခွဲတွင် မြဝတီမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာ့စစ်ရေးအသုံးစရိတ် စံချိန်တင်မြင့်တက်




**စတော့ဟုမ်း မေ ၂၇**

ကမ္ဘာလုံးဆိုင်ရာ စစ်ရေးအသုံးစရိတ်သည် ၂၀၂၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ထရီလီယံအထိ စံချိန်တင်ရောက်ရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဆွီဒင်နိုင်ငံအခြေစိုက် သုတေသန အင်စတီကျူတစ်ခုက ထုတ်ပြန်သည်။

ယင်းအသုံးစရိတ်ပမာဏသည် ကမ္ဘာလုံးဆိုင်ရာ စစ်ရေးအသုံးစရိတ် ၁၁ နှစ်ဆက်တိုက် တိုးမြင့်လာခဲ့ခြင်းဖြစ်ပြီး ယမန်နှစ်၏ ကမ္ဘာလုံးဆိုင်ရာ စစ်ရေးအသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၈၇ ထရီလီယံအထိရှိခဲ့ကြောင်း စတော့ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးသုတေသန အင်စတီကျူက ပြောသည်။

နေတိုးအဖွဲ့ဝင်နိုင်ငံများအတွင်း၊ အထူးသဖြင့် ဥရောပဒေသရှိနိုင်ငံများ၏စစ်ရေးအသုံးစရိတ်များမှာ သိသာစွာ မြင့်တက်လာပြီး စုစုပေါင်းအသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၅၅၉ ဘီလီယံအထိ ရောက်ရှိလာခဲ့သည်။ ထို့အတူ ဂျာမနီနိုင်ငံ၏ စစ်ရေးအသုံးစရိတ်မှာ ၂၄ ရာခိုင်နှုန်းမြင့်တက်ကာ အမေရိကန်ဒေါ်လာ ၁၁၄ ဘီလီယံရှိခဲ့ပြီး စပိန်နိုင်ငံ၏ အသုံးစရိတ်မှာလည်း ၅၀ ရာခိုင်နှုန်းအထိ တစ်ဟုန်ထိုး မြင့်တက်လာပြီး အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၂ ဘီလီယံ ရှိခဲ့သည်။

ဂျပန်နိုင်ငံ၏ စစ်ရေးအသုံးစရိတ်မှာ ၉ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၂ ဘီလီယံသို့ ရောက်ရှိလာသည်။

အမေရိကန်ပြည်ထောင်စုသည် အမေရိကန်ဒေါ်လာ ၉၅၄ ဘီလီယံဖြင့် ကမ္ဘာ့အများဆုံး စစ်ရေးအသုံးစရိတ်အသုံးပြုသည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေသော်လည်း ၂၀၂၄ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၇ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။

ကမ္ဘာ့ဒုတိယစစ်ရေးအသုံးစရိတ် အများဆုံး အသုံးပြုသည့် တရုတ်နိုင်ငံ၏ အသုံးစရိတ်မှာလည်း ၇ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ကာ အမေရိကန်ဒေါ်လာ ၃၃၆ ဘီလီယံခန့်ရှိမည်ဟု ခန့်မှန်းရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ကမ္ဘောဒီးယားနိုင်ငံက ၂၀၃၀ ပြည့်နှစ်တွင် ဆေးလိပ်သောက်သုံးမှုကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချရန်စီစဉ်

**ဖနောင်ပင် မေ ၂၇**

ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၇-၂၀၃၀ အတွက် မဟာဗျူဟာသစ်တစ်ရပ်ကို ရေးဆွဲလျက်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ဆေးလိပ်သောက်သုံးမှုကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချရန် ရည်ရွယ်ထားကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီး ချီယန်းရာက မေ ၂၇ ရက်တွင် ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ လက်ရှိတွင် ဆေးလိပ်သောက်သုံးသူဦးရေ ၁ ဒသမ ၆ သန်းခန့်ရှိသောကြောင့် ဆေးရွက်ကြီးနှင့် ပတ်သက်သည့်ထုတ်ကုန်များကို ထိန်းချုပ်ရခြင်းဖြစ်ပြီး ယင်းမှာ အသက်အိုးအိမ်နှင့် အနာဂတ်ကို ကာကွယ်ရန်အတွက် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

ဆေးလိပ်သောက်ခြင်းကို လျှော့ချခြင်းသည် ကလေးများ၊ လူငယ်များ၊ အမျိုးသမီးများနှင့် ပြည်သူလူထုတစ်ရပ်လုံးကို ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါနှင့် အခြားမကူးစက်နိုင်သောရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်ခြင်းပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ဆေးလိပ်သောက်ခြင်းကြောင့် နှစ်စဉ် လူပေါင်း ၁၅၀၀၀ သေဆုံးနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးပြည်နယ်၌ ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်

**တိုကျို မေ ၂၇**

ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးပြည်နယ်၌ မေ ၂၇ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီ ၂၄ မိနစ်ခန့်က ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ(JMA) က ပြောကြားသည်။

မြေငလျင်သည် မြေအောက်အနက် ၈၀ ကီလိုမီတာခန့်တွင် လှုပ်ခတ်ခြင်းဖြစ်ပြီး ဂျပန်မိုးလေဝသအေဂျင်စီ၏ ကြေညာချက်အရ ဥရာဟိုရိုအပါအဝင် ဟော့ကိုင်းဒိုးပြည်နယ်များ၌ ဂျပန်၏ မြေငလျင်တိုင်းတာစနစ် အဆင့် ၇ တွင် အဆင့် ၅ အထက် ပြင်းအားရှိခဲ့သည်။

ငလျင်ဗဟိုချက်မှာ မြောက်လတ္တီကျူ ၄၂ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၁၄၃ ဒသမ ၁ ဒီဂရီ တွင်တည်ရှိပြီး ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီသတိပေးချက်ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း၊ ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုများကို ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။ **ဆင်ဟွာ**

## ပဋိပက္ခများကြောင့် ကလေးသူငယ်များ ထိခိုက်ရမှုအပေါ် ယူနီဆက်ဖ်က အထူးစိုးရိမ်မကင်းဖြစ်

**နယူးယောက် မေ ၂၇**

ပဋိပက္ခများ၏ ဆိုးကျိုးကို ကလေးသူငယ်များက ခါးစည်းခံစားနေကြရသည်ဟုဆိုလိုက်ပြီး ယင်းအတွက်ကြောင့် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခဖြစ်ပွားမှုများ အမြန်ဆုံးရပ်တန့်ကာ အမြဲတမ်းအပစ်အခတ်ရပ်စဲရန်အတွက် ယူနီဆက်ဖ်အကြီးအကဲက တောင်းဆိုလိုက်သည်။ NHK သတင်းဌာန၏ အဆိုအရ ယူနီဆက်ဖ်အမှုဆောင်ဒါရိုက်တာ ကက်သရင်းရပ်ဆဲလ်ကို မေ ၂၇ ရက်တွင် တိုကျိုမြို့၌ တွေ့ဆုံမေးမြန်းရာတွင် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့် နှစ်လခန့်မှစတင်၍ အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခများ ပြင်းထန်လာပြီးနောက် အီရန်နိုင်ငံတွင် ကလေးငယ် ၂၂၀ ကျော် သေဆုံးခဲ့ပြီး လက်ဘနွန်နိုင်ငံတွင်လည်း ကလေးငယ် ၁၇၇ ဦး ထက်မနည်း သေဆုံးခဲ့ကြောင်း သက်ဆိုင်ရာနိုင်ငံများက အေဂျင်စီသို့ တင်သွင်းသော အစီရင်ခံစာများအရ သိရသည်။

ထို့အပြင် ကလေးသူငယ်များနေထိုင်ရာ ဒေသများတွင် ဗုံးကြဲတိုက်ခိုက်မှုများဖြစ်ပွားနေပြီး ဘေးဒုက္ခအမျိုးမျိုးကိုလည်း ကြုံတွေ့နေရသည့်အပြင် စာသင်ကျောင်းများနှင့် ဆေးရုံများပါ ထိခိုက်ပျက်စီးမှုများရှိနေကြောင်း သိရသည်။ ထိုအခြေအနေများက ကလေးငယ်များသည် ပဋိပက္ခ၏ဆိုးကျိုးများကို အလွန်အမင်းခံစားနေရခြင်းကို ပြသနေခြင်းပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



ယင်းပဋိပက္ခများကြောင့် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာပြီး ကာကွယ်ဆေးများအပါအဝင် ထောက်ပံ့ပစ္စည်းများကို ကမ္ဘာတစ်ဝန်းရှိ ကလေးများထံပို့ဆောင်ရာ၌ ယူနီဆက်ဖ်၏ လုပ်ဆောင်နိုင်စွမ်းကိုလည်း ထိခိုက်စေကြောင်း မှတ်ချက်ပြုပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မိုးကြိုးပစ်မှုကြောင့် ၁၂ ဦး သေဆုံး

**ဒါကာ မေ ၂၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နေရာအနှံ့အပြား၌ မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွားနေချိန် မိုးကြိုးပစ်မှုများကြောင့် လူ ၁၂ ဦး သေဆုံးကြောင်း ဒေသတွင်းမီဒီယာများက ထုတ်ပြန်ထားသည်။

မိုးကြိုးပစ်မှုကြောင့် သေဆုံးရသူအများစုမှာ ကျေးလက်ဒေသများရှိ လယ်ယာမြေများတွင် အလုပ်လုပ်ကိုင်နေကြသူများဖြစ်ကြသည်။

ခြောက်သွေ့သည့်ရာသီမှ မိုးရာသီသို့ ကူးပြောင်းလာသည့် မိုးဦးကျချိန်တွင် လူဦးရေထူထပ်သော တောင်အာရှနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအဖို့ ယခုကဲ့သို့ မိုးကြိုးပစ်ခြင်း၊ မိုးကြိုးထိမှန်၍ လူသေဆုံးခြင်းများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျပန်အရှေ့မြောက်ပိုင်းတောမီး ပြီးဆုံးမည့် အလားအလာမရှိသေးကြောင်း အာဏာပိုင်များပြောကြား

**တိုကျို မေ ၂၇**

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း အိဝါတဲခရိုင်ရှိ မြို့တစ်မြို့၌ လွန်ခဲ့သောသီတင်းပတ်မှ စတင်ကျွမ်းလောင်ခဲ့သော တောမီးသည် ပထမဆုံးအကြိမ် မိုးရွာသွန်းပြီးနောက်အားလျော့လာသော်လည်း အပြည့်အဝ ထိန်းချုပ်နိုင်မည့် အလားအလာ မရှိသေးကြောင်း မီးသတ်အာဏာပိုင်များက ပြောသည်။

မေ ၂၇ ရက်တွင် အိုတာဆုချီမြို့၌ မိုးရေချိန် ၁ ဒသမ ၅ မီလီမီတာ ရွာသွန်းခဲ့ကြောင်း ဒေသခံမိုးလေဝသ စောင့်ကြည့်ရေးအဖွဲ့က ပြောကြားပြီး ယင်းနောက်နေ့တွင် မိုးရေချိန်မှာ ၂၀ မီလီမီတာအထိ ရွာသွန်းမည်ဟု ၎င်းတို့က ခန့်မှန်းထားကြသည်။

ရဟတ်ယာဉ်များ၏ အကူအညီအပါအဝင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင် ၁၀၀၀ ကျော်တို့က မေ ၂၈ ရက်တွင်လည်း မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။

အဆိုပါ တောမီးသည် မေ ၂၂ ရက်က ကိုဇူချီခရိုင်နှင့် ကီရီကီရီခရိုင်တို့တွင် စတင်လောင်ကျွမ်းခဲ့ကာ မေ ၂၇ ရက် နံနက် ၆ နာရီအထိ ခရိုင်နှစ်ခုတွင် ခန့်မှန်းခြေ စုစုပေါင်း ၁၆၁၈ ဟက်တာခန့် မီးလောင်ခဲ့ပြီး မေ ၂၆ ရက်ကထက် ၂၄၅ ဟက်တာ ပိုမိုလောင်ကျွမ်းခဲ့ကြောင်း ခရိုင်တာဝန်ရှိသူများက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**



## မီးဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်ရေးသရုပ်ပြ

**နေပြည်တော် ဧပြီ ၂၇**

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မီးဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောခြင်းနှင့် မီးငြှိမ်းသတ်ရေးသရုပ်ပြ ပြုလုပ်ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် ကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက မြန်မာနိုင်ငံတွင် ပွင့်လင်းရာသီ ကူးပြောင်းရောက်ရှိချိန် မီးလောင်မှုများစွာ ဖြစ်လေ့ဖြစ်ထရှိသည့် အတွက်ကြောင့် အချိန်မရွေး၊ ရာသီမရွေး နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ ပြည်သူလူထု၏ အိုးအိမ်တိုက်တာ အဆောက်အအုံများ မီးလောင်မှုကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးနိုင်သည့်အတွက် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းဖြစ်သည့် မီးဘေးလုံခြုံရေးကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မီးဘေးလုံခြုံရေးအတွက် မီးသတ်ဝန်ထမ်းများသာ တာဝန်ရှိသည်မဟုတ်ဘဲ ပြည်သူလူထု အားလုံးကလည်း မီးဘေးလုံခြုံရေး အသိ၊ သတိဖြင့် ဝိုင်းဝန်းဆောင်ရွက်မှသာ မီးဘေးအန္တရာယ်မဖြစ်ပွားအောင် ကြိုတင်တားဆီးရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက မီးဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောရာတွင် မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ပစ္စည်းကိရိယာများ၊ မီးသတ်ဆေးဘူး အသုံးပြုခြင်း၊ မီးလောင်မှု အမျိုးအစားများ၊ မီးဘေးလုံခြုံရေးအတွက် ဝန်ထမ်းများ လိုက်နာရမည့်အချက်များ၊ မီးဘေးလုံခြုံမှုနှင့် အကြံပြုချက်များ၊ မီးလောင်မှုဖြစ်လျှင် လိုက်နာရမည့် အချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး တာဝန်ရှိသူများက လက်တွေ့မီးငြှိမ်းသတ်ခြင်းကို ဆက်လက်ပြသရာ ကော်မရှင်ရုံး အရာထမ်း အမှုထမ်းများက မီးငြှိမ်းသတ်ခြင်းကို စနစ်တကျ လေ့ကျင့်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် - ရန်ကုန်မှ စတုတ္ထနှစ်ဘီဒီအက်စ် (၅/၂၀၂၅) သင်တန်း အောင်မြင်ပြီးသူများ မြောင်းမြခရိုင်အတွင်း ကွင်းဆင်းကုသ

**ရန်ကုန် ဧပြီ ၂၇**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်သူများ၏ လူမှုကျန်းမာရေးကို စောင့်ရှောက်မှု မြှင့်တင်ရန်ရည်ရွယ်၍ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် -ရန်ကုန်မှ ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာဌာန၏ သင်ရိုးညွှန်းတမ်းနှင့်၏အညီ စတုတ္ထနှစ်ဘီဒီအက်စ် (၅/၂၀၂၅) သင်တန်းအောင်မြင်ပြီးသော ကျောင်းသားကျောင်းသူ ၆၁ ဦးနှင့် အုပ်ချုပ်သူဆရာ ဆရာမ ၂၀ စုစုပေါင်း ၈၁ ဦးတို့သည် မြောင်းမြခရိုင်ရှိ ကျေးရွာနှင့် ရပ်ကွက်များတွင် သွားနှင့်ခံတွင်းကုသမှုများ၊ ပညာပေးဟောပြောမှုများနှင့် စစ်တမ်းကောက်ယူခြင်းတို့ကို ဧပြီ ၂၀ ရက်မှ ၂၅ ရက်အထိ ဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ကွင်းဆင်းဆောင်ရွက်မှုများကို လွှတ်တော်ကိုယ်စားလှယ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန် ပါမောက္ခချုပ်၊ မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် အိမ်မဲမြို့နယ်တို့မှ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြောင်းမြခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများက လာရောက်အားပေး ကြည့်ရှုကြသည်။

ကွင်းဆင်းမှုများကို မြောင်းမြမြို့နယ်ရှိ ပြင်ရွာ၊ ကွမ်းခြံကြီး၊ တောင်ပေါ်စု၊ ကညင်ကိုင်း၊ ငါးမြင်းချောင်း၊ ကွယ်လွယ်ကျေးရွာ၊ ဝါးခယ်မမြို့နယ်မှ ကျွန်းကုန်းကျေးရွာ၊ အိမ်မဲမြို့မှ ရွာသစ်ကျေးရွာတို့တွင် ဆောင်ရွက်ကြရာ သွားနှင့်ခံတွင်းလူနာ ၄၈၄ ဦးအား ကုသမှုပေးခဲ့ပြီး စစ်တမ်းကောက်ယူမှုတွင် ၁၄၈၄ ဦး၊ သွားကျန်းမာရေးစစ်ဆေးမှုတွင် ၈၀၀ နှင့် အသိပညာပေး ဟောပြောမှုတွင် ၈၀၀ စုစုပေါင်း ၃၅၆၈ ဦးတို့အား သွားကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။ **ကျော်သီဟ**





## ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း AVIP သင်တန်းဖွင့်

**ကျောက်ပန်းတောင်း ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက်(၁၀၀) စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည့် ရွာလုကျေးရွာအုပ်စု ပေါက်သစ်ကျေးရွာမှ ကော်မတီဝင်များ စွမ်းဆောင်ရည်မြင့်မားစေရန်ရည်ရွယ်၍ VDP စီမံကိန်းရေးဆွဲနည်းနှင့် AVIP သင်တန်းကို အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဦးစွာ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က သင်ခန်းစာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရေးဆွဲနည်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့လက်တွေ့ဖြင့် ဧပြီ ၂၄ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## တံတားဦးမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**တံတားဦး ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး တံတားဦး(စဉ့်ကိုင်တွဲ)မြို့နယ် သစ်တောဦးစီးဌာနမှ ပြည်သူများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာလျှော့ချရေးနှင့် ရေချွေတာရေးအကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက တံတားဦးမြို့နယ် ဥတည်ကျေးရွာ ရွှေစည်းခုံဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၌ ဆောင်ရွက်သည်။

အသိပညာပေးဟောပြောပွဲတွင် တံတားဦး(စဉ့်ကိုင်တွဲ)မြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်ဇင်မြင့်ဦးက မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာလျှော့ချရေးဆိုင်ရာများ၊ သစ်တောသစ်ပင်များမှရရှိနိုင်သော အကျိုးကျေးဇူးများ၊ သစ်တောပြုန်းတီးရခြင်းကြောင့် ခံစားနေရသောဆိုးကျိုးများ၊ အပင်များမှ သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်များရရှိနိုင်စေသည့် အကျိုးခံစားမှုများ အကြောင်း ပြောကြားသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲသို့တက်ရောက်လာသူများက မိမိတို့သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ မြို့နယ်သစ်တောဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင်မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများသို့ အသက် ၁၀ နှစ်မှ ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ပြီး UID မကောက်ယူရသေးသည့် ပြည်သူများအား အစိုးရသစ်ကာလ ရက်(၁၀၀)စီမံချက်ဖြင့် မြေပြင်ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၂၇ ရက်က သန်လျင်မြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်မျိုးအောင် ကွင်းဆင်းကြည့်ရှုအားပေးစဉ်။

သန်းဝင်း(သန်လျင်)

## မင်းလှမြို့နယ် ပြည်သူ့ဆေးရုံ၌ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးကုသ

**အထက်မင်းလှ ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါစစ်ဆေးပေးခြင်းနှင့် အခမဲ့စစ်ဆေးကုသပေးခြင်းတို့ကို ယနေ့ နံနက် ၉ နာရီခွဲက မင်းလှမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



အဆိုပါ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းမိုး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်း၊ နှလုံးစစ်ဆေးပေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးများအား အခမဲ့ဆောင်ရွက်ပေးပြီး မင်းလှမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

# အားပြိုင်မှုကြား၊ ပြန်လည်အသက်သွင်းမှုနှင့် အသုံးချခံများ မဖြစ်ရန်

မြင့်မြတ်

**ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းနှင့် အပြောင်းအလဲများက မြန်ဆန်လွန်းလှသည်။ အတ္တကြီး၊ ထင်ရာစိုင်းသူများကြောင့် ကမ္ဘာ့ပြည်သူများခမျာ စွန့်စားမှုများစွာ၊ ရှုပ်ထွေးမှုများစွာ၊ မရေမရာမှုများနှင့် စိုးရိမ်မှုများဆီ တွန်းပို့နေသကဲ့သို့ ခံစားနေရသည်။ တစ်မုဟုတ်ချင်း ပြောင်းလဲနေသော ပထဝီစီးပွားရေး၊ ပထဝီနိုင်ငံရေးအခြေအနေများကို မျက်ခြည်မပြတ် အမီလိုက်ရင်း ကျွန်တော်တို့ မြန်မာတစ်မျိုးသားလုံးတွင် ကိန်းအောင်းနေရမည့် အမျိုးသားရေးစိတ်ဓာတ်နှင့် ပညာဉာဏ်များကို ဖြန့်ကြက်၍ အပြောင်းအလဲများအပေါ် ပေါ့ပေါ့ဆဆ သဘောမထား၊ အမြော်အမြင်ကြီးစွာဖြင့် ပူးပေါင်းပါဝင်ကြရန် လိုအပ်ပါသည်။**

> “ယနေ့ကမ္ဘာ့အခင်းအကျင်းများကို လေ့လာပြီး မိမိတို့နိုင်ငံ၌ ဘာတွေက ပိုအရေးကြီးသည်ကို အသေးစိတ်ဆန်းစစ် သတ္တုချကြည့်သည့်အခါ နိုင်ငံတွင် တရားဥပဒေစိုးမိုးရေးက အရေးကြီးသည်ကို တွေ့လာရသည်။ အထူးသဖြင့် နယ်စပ်ဒေသများတွင် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများ မကြီးထွားနိုင်အောင် ထိန်းချုပ်နိုင်ရန် အရေးကြီးလာသည်။ တရားဥပဒေစိုးမိုးမှုနှင့်အတူ တည်ငြိမ်အေးချမ်းရေး အရေးကြီးသည့်အတွက်လည်း ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးနိုင်ရန်အတွက် နယ်စပ်ဒေသများကို ထိန်းချုပ်နိုင်ရန် အရေးကြီးသည်။ နယ်စပ်ဒေသများ မထိန်းချုပ်နိုင်ပါက မိမိတိုင်းပြည်အချုပ်အခြာအာဏာ ထိပါးခံနေရသကဲ့သို့ ခံစားရသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးသည် အထူးအရေးကြီးကြောင်း ထပ်ခါတလဲလဲ မီးမောင်းထိုးပြနေခြင်းဖြစ်”

### အကြောင်းရှာ အကြောင်းတရားများစွာနှင့် ပြဿနာမျိုးစုံ

ယနေ့ကမ္ဘာကြီး၌ သယံဇာတလောဘ၊ လောင်စာဒေါသနှင့် ခေတ်သစ်နယ်ချဲ့ဝါဒက တစ်စခန်းထလာသည်။ ဓားပြဆန်ဆန်လုပ်ရပ်များကြောင့် ယဉ်ကျေးလူ့အဖွဲ့အစည်းများအကြား လက်မခံနိုင်စရာများ ဖြစ်လာသည်။ လိုချင်သည်ကို မရရအောင်ယူမည်။ မရလျှင်အင်အားသုံး၊ လက်နက်နှင့် ဖြေရှင်းမည်။ အချုပ်အခြာအာဏာကို လေးစားရကောင်းမှန်းမသိ။ အားနည်းသည့်နိုင်ငံများအနေဖြင့် အားကြီးသူ၏ အနိုင်ကျင့်မှုကို လည်စင်းခံရမည့်သဘော။ အပြန်အလှန် ခြိမ်းခြောက်မှုများကြောင့် တင်းမာမှုများ မြင့်တက်လာရသည်။ အရာရာ ထိပ်တိုက်ရင်ဆိုင်ရန်သာ အားသန်နေကြသည်။ မူးယစ်ဆေးဝါးအကြောင်းပြသည်၊ အမေရိကန်-ဗင်နီဇွဲလား ပြဿနာဖြစ်ခဲ့သည်။ နျူကလီးယား အကြောင်းပြသည်၊ အီရန်-အမေရိကန်-အစ္စရေး ပဋိပက္ခထိန်းမနိုင်သိမ်းမရ ဖြစ်လာသည်။ လောင်စာအကြောင်းပြသည်၊ အရှေ့အလယ်ပိုင်း တင်းမာမှု ပိုမိုကြီးထွားလာသည်။ ကမ္ဘာ့ပြည်သူများအတွက်ကား ရတက်မအေးစရာ ပြဿနာများစွာနှင့်သာ တွေ့နေရမည်ဖြစ်သည်။

တစ်ဖက်တွင် အွန်လိုင်းလိမ်လည်မှုကို ပြန်လည်အသက်သွင်း အကြောင်းပြုပြီး ဒေသတွင်းပြဿနာများဖန်တီးကာ အားပြိုင်လာကြပြန်သည်။ မိမိနိုင်ငံနယ်စပ်ဒေသအချို့တွင် အွန်လိုင်းလုပ်ငန်းအစုအဝေးများ (Scam Hubs) တည်ရှိနေကြောင်းကို မရမက ပုံဖော်လာနေသည့်သတင်းများ ကြားသိနေရသည်။ အမှန်မှာ အွန်လိုင်းလိမ်လည်မှု စခန်းများက တစ်ဖက်နိုင်ငံထဲတွင်လည်း ရှိသည်။ မလိုအပ်သည်ကို ရမယ်ရှာပြီး ဝင်ရောက်စွက်ဖက်ချင်သည့်အခါ နိုင်ငံတကာဥပဒေများကို လေးစားစရာမလို၊ လိုက်နာစရာမလိုဟု အမှန်တရားကို မျက်ကွယ်ပြုခံရမည့် အခြေအနေများအထိ ဖြစ်လာနိုင်သည်။ ရေနံနှင့် ဒေါ်လာသည် လက်နက်သဖွယ် အသုံးချခံနေရပြီး လက်ရှိ နိုင်ငံတကာဆက်ဆံရေးများ ဆုတ်ယုတ်လာနေသည်ကိုလည်း မြင်အောင်ကြည့်ရမည်။ ထို့အတွက် အမြဲတမ်းရန်သူ /မိတ်ဆွေမရှိ ဟူသော သဘောတရားကိုအခြေခံ၍ အမျိုးသား ထာဝရအကျိုးစီးပွားကိုသာ မပြတ်ရှေးရှုရမည်ဖြစ်သည်။ အချို့နိုင်ငံများ၌ လူထုအုံကြွမှု ဆူပူမှုများ ရင်ဆိုင်နေရပြီး သပိတ်မှောက်မှု၊ သွေးခွဲမှုများနှင့် တိုင်းပြည်ပျက်မည့် အနေအထားတစ်ခုအထိ ဦးတည်သွားနေသည်ကို မြင်ရပါမည်။

### မရရအောင် ဖျက်နေကြဆဲဖြစ်၍ အင်အားကို ဘက်စုံတည်ဆောက်ထားရမည်

ကိုယ်မလိုချင်သည့် အစိုးရတစ်ရပ်ကို စစ်အင်အားဖြင့် မခြယ်လှယ်နိုင်လျှင် လိုချင်သည့် ရုပ်သေးအတိုက်အခံ သြဇာညောင်းမည့်သူကို တင်နိုင်အောင် နည်းအမျိုးမျိုးဖြင့် ကြိုးစားသည်မှာ ကိုလိုနီလက်သစ်တို့၏ မရိုးနိုင်သော လုပ်နည်းလုပ်ဟန်သာ။ ယာလည်းညက် ကြက်လည်းမေပမာ ပြည်သူအချင်းချင်း အပြန်အလှန် သတ်ခိုင်းသည့် သင်ခန်းစာများလည်း ရခဲ့ပါပြီ။ အချို့သောနိုင်ငံငယ်များ ကျဆုံးနိုင်ငံ (Failed state) ဖြစ်သည်အထိ တွန်းပို့ခံနေရဆဲပါ။ နိုင်ငံတကာနည်းတူ မိမိပြည်တွင်း၌လည်း အလားတူပင်။ ပိတ်ဆို့မှုများစွာနှင့် နိုင်ငံကို အင်အားချည့်နဲ့အောင် အမျိုးမျိုးဖန်တီးလုပ်ဆောင်နေကြဆဲဖြစ်သည်။

အထူးသဖြင့် တပ်မတော်ကို မရှိစေချင်၍ တပ်မတော်အင်အားနည်းအောင် အဆက်မပြတ် တိုက်ခိုက်ခဲ့ကြသည်။ လူထုလူတန်းစားအလွှာအားလုံး၌ ထိုးဖောက်ဝင်ရောက်ပြီး မကွဲကွဲအောင် သွေးခွဲခဲ့သည်။ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှု မရှိအောင်၊ ချစ်ကြည်ရင်းနှီးမှုမရှိအောင်၊ ယုံကြည်မှုပျက်ပြားပြီး စုစည်းလုပ်ဆောင်၍မရအောင် အမျိုးမျိုးသွေးခွဲထိုးနှက်ခဲ့ကြသည်။ အမျိုးသားရင်ကြားစေ့ရေး မည်သို့မျှ စေ့စပ်မရအောင် နှောင့်ယှက်ဟန့်တားခဲ့ကြသည်။ သွားနေသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ် လမ်းကြောင်းကို မရရအောင် ဖျက်ခဲ့ကြသည်။ ထိုအဖျက်များက အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တွင် ဆက်လက်ရှိနိုင်ဦးမည်ဖြစ်သည်။

နိုင်ငံအားလုံးက သတိရှိရှိနှင့် ၂၁ ရာစု ကိုလိုနီစနစ်ကို စိုးရိမ်ပြီး အားကြီးသူကရော အားနည်းသူပါ စစ်အင်အားကို အပူတပြင်း တည်ဆောက်လာကြခြင်းဖြစ်သည်။ စစ်ဖြစ်လျှင်စစ်စရိတ်ဖြင့် စစ်ထောင်းကာ နိုင်ငံမတည်ငြိမ်လျှင် ဖွံ့ဖြိုးတိုးတက်မှုပါ နှောင့်နှေးရသည်။ ပေးဆပ်မှုက များလှပါသည်။ ထို့ကြောင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားအကျိုးစီးပွားက ထာဝရအရေးကြီးနေခြင်းဖြစ်သည်။ နိုင်ငံတိုင်းက သူ့ဥပဒေနှင့်သူ နိုင်ငံပိုင်ဟူ၍ ရှိကြသည်သာ၊ ထိုနိုင်ငံပိုင်ဆိုင်သောဥပဒေကို မလေးစားခြင်းမှာ ထိုနိုင်ငံကို ကျူးကျော်ရာရောက်သည်။ ထိုနိုင်ငံမှ ပြည်သူကိုစော်ကားရာရောက်သည်ဟု သဘောထားသင့်ပါသည်။

နိုင်ငံတစ်နိုင်ငံအနေဖြင့် စစ်အင်အား၊ စီးပွားရေးအင်အားအပါအဝင် ဘက်စုံအင်အားကို အလေးထား တည်ဆောက်ရမည်မှာ ယနေ့ ကမ္ဘာ့အခြေအနေများအရ လုံးဝမှန်ကန်ပါသည်။ သို့သော် စစ်အင်အားတစ်ခုဖြင့် ပြီးနိုင်ပါ့မလား။ အချို့သောနိုင်ငံများ၏ ဥပမာကိုယူ၍ နိုင်ငံသားအားလုံး၏ စိတ်ဓာတ်အင်အားကိုပါ အကြီးအကျယ် တည်ဆောက်ရပါမည်။ ရုပ်ပိုင်းဆိုင်ရာအင်အားကို တည်ဆောက်ရမည်ဖြစ်သလို စိတ်ဓာတ်အင်အားကိုလည်း တည်ဆောက်နေရမည်ဖြစ်သည်။

### မျက်ခြည်ပြတ်မခံ မြင်အောင်ကြည့်ရန်

ယနေ့ကမ္ဘာ့အခြေအနေများကို မျက်မှောက်ပြု၍ မြန်မာနှင့် ကမ္ဘာ့ပထဝီနိုင်ငံရေး သက်ရောက်နိုင်မှုများကို မျက်ခြည်ပြတ်မခံသင့်ပါ။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ပါဝါအားကြီးနိုင်ငံများ၏ လှုပ်ရှားမှုမှန်သမျှ လျစ်လျူမရှုသင့်ပါ။ နိုင်ငံတစ်ခု၏ လှုပ်ရှားမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးလှုပ်ရှားမှုတစ်ခုခုက အခြားဘယ်နိုင်ငံကို တိုက်ခိုက်ချင်လို့ ဖြစ်နိုင်ပါသလဲ၊ ဘယ်လိုသတင်းစကားမျိုးပေးချင်လို့ ဖြစ်နိုင်ပါသလဲ။ ယခုခေတ် ကစားကွက်များက ဗျူဟာမြောက်ဖြစ်လာနေသည်။ ကြိုတင်ပြင်ဆင်နေမှု အထောက်အထားများအဖြစ် သတိထားရန် လိုအပ်သည်။ ယနေ့ကမ္ဘာကြီးတွင် နိုင်ငံငယ်အများစုသည် အင်အားကြီးများ၏ အသုံးချခံနယ်ရုပ်များအဖြစ် သရုပ်ဆောင်နေကြရသည်ကို တွေ့နေရသည်။ ထို့ကြောင့် နိုင်ငံကြီးများ၏ အားပြိုင်မှုများအကြား အသုံးချခံမဖြစ်ရန်၊ သူတစ်ပါးက ကိုယ့်အပေါ် ဝင်ကစားမခံရရန် အရေးကြီးပါသည်။

အချို့ လက်မည်းအင်အားကြီးများက နယ်စပ်ဒေသတွင် သြဇာခံလက်နက်ကိုင်များ မွေးသည်။ ဒီမိုကရေစီနှင့်လူမျိုးရေးဗန်းပြသည်။ သူတို့မလိုလားသည့် မိတ်ဖက်နိုင်ငံနှင့် အစိုးရ၏ သြဇာကျဆင်းအောင် တိုက်ခိုက်သည်။ BRI ကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ အရှိန်ရပ်တန့်အောင် ဖျက်ဆီးသည်။ သူတို့မွေးထားသည့် လက်နက်ကိုင်များကပင် သူတို့အကြောင်းပြသည့် ရာဇဝတ်မှုလုပ်ငန်းတွေကို ကိုယ်တိုင်လုပ်ပြီး လုံခြုံအောင် အကာအကွယ်ပေးထားသည်ကို ကြည့်တတ်လျှင် သိသာပါသည်။ ထိုရာဇဝတ်လုပ်ငန်းများမှ ရရှိသောငွေသည် သူတို့ကိုင်သည့် လက်နက်ခဲယမ်းများအတွက် ဝင်ငွေဖြစ်နေသည်။ ထိုလက်နက်ကိုင်များကြောင့်သာ နိုင်ငံ မတည်မငြိမ်ဖြစ်နေရသည်ကို နား၊ မျက်စိအားကြီးသည့် ထိုနိုင်ငံကြီးများက မသိစရာအကြောင်းမရှိပါ။ Scam hub ပဲဖြစ်ဖြစ်၊ Scam လုပ်ငန်းမည်သို့ဆိုဆို ရာဇဝတ်မှုလုပ်ငန်းများသာဖြစ်သည်။ ထိုလုပ်ငန်းများသည် တိုင်းရင်းသားလက်နက်ကိုင်များကြီးစိုးရာ ဒေသများနှင့်သာ ဆက်စပ်နေသည်။ ထိုလက်နက်ကိုင်များကို အားပေးထောက်ခံ ထောက်ပံ့နေသည်မှာလည်း ထိုအင်အားကြီး နိုင်ငံများသာဖြစ်သည်။ ထိုအင်အားကြီးများကပင် အခြားနိုင်ငံတွေကို မတရားစွပ်စွဲနေပြန်သည်။ စွပ်စွဲရုံတင်မက ကျူးကျော်တိုက်ခိုက်ရန်လည်း အားထုတ်ကြပြန်သည်။ မီဒီယာအား၊ ငွေ ဥစ္စာအား၊ စစ်လက်နက်အားကိုး၍ အနိုင်ကျင့်၊ ဗိုလ်ကျနေသည်ကို မြင်အောင်ကြည့်ပါ။ မြင်သူများသော်လည်း ထာဝရကိုယ်ကျိုးစီးပွား အပျက်မခံလို၍သာ မျက်စိမှိတ်၍ လျစ်လျူရှုသလို ဖြစ်နေသည်ကို နားလည်ရမည် ဖြစ်ပါသည်။

### ပုံရိပ်ကောင်းများဖြင့် ပုံဖော်နိုင်အောင် ကြိုးစားကြမည်

ယနေ့ကမ္ဘာ့အခင်းအကျင်းများကို လေ့လာပြီး မိမိတို့နိုင်ငံ၌ ဘာတွေက ပိုအရေးကြီးသည်ကို အသေးစိတ်ဆန်းစစ် သတ္တုချကြည့်သည့်အခါ နိုင်ငံတွင် တရားဥပဒေစိုးမိုးရေးက အရေးကြီးသည်ကို တွေ့လာရသည်။ အထူးသဖြင့် နယ်စပ်ဒေသများတွင် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများ မကြီးထွားနိုင်အောင် ထိန်းချုပ်နိုင်ရန် အရေးကြီးလာသည်။ တရားဥပဒေစိုးမိုးမှုနှင့်အတူ တည်ငြိမ်အေးချမ်းရေး အရေးကြီးသည့်အတွက်လည်း ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးနိုင်ရန်အတွက် နယ်စပ်ဒေသများကို ထိန်းချုပ်နိုင်ရန် အရေးကြီးသည်။ နယ်စပ်ဒေသများ မထိန်းချုပ်နိုင်ပါက မိမိတိုင်းပြည်အချုပ်အခြာအာဏာ ထိပါးခံနေရသကဲ့သို့ ခံစားရသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးသည် အထူးအရေးကြီးကြောင်း ထပ်ခါတလဲလဲ မီးမောင်းထိုးပြနေခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်က နယ်စပ်ဒေသများကို ထိန်းချုပ်နိုင်မှသာ ရာဇဝတ်မှုများ လျော့နည်းပပျောက်ပြီး ဖွံ့ဖြိုးသည့်ဒေသများ ဖြစ်လာမည်။ အချို့အင်အားကြီးနိုင်ငံများက မိမိတို့ပိုင်နက်ကို ရာဇဝတ်မှုနယ်မြေများအဖြစ် ပုံဖော်နေခြင်းကိုလည်း ပယ်ဖျက်ရာရောက်သွားမည်။ အဓိကအချက်က နိုင်ငံကို ပုံရိပ်ဆိုးသဖွယ် ဖန်တီးနေမှုများကို ပုံရိပ်ကောင်းအဖြစ် ပြန်လည်ပုံဖော်ရန်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာဆက်ဆံရေး အားကောင်းအောင်လည်း တိုးချဲ့နေရန်လိုသည်။ မဟာဗျူဟာမြောက် မိတ်ဖက်များနှင့်နက်ရှိုင်းသော ဆက်ဆံရေးများ ထားရှိနေရမည်။ ယုံကြည်မှုများ အားကောင်းနေရပါမည်။ ထို့အတွက် အားလုံးက ဝိုင်းဝန်းလုပ်ဆောင်ကြရမည်၊ ပူးပေါင်းပါဝင်ကြရမည်ဖြစ်သည်။ အထူးသဖြင့် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ အနာဂတ်အခန်းကဏ္ဍနှင့်

*စာမျက်နှာ ၁၇ သို့*

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ဘော်လီဘောပြိုင်ပွဲ၌ တောင်ကြီးခရိုင်က ပထမဆုဆွတ်ခူး

**တောင်ကြီး မေ ၂၇**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုနှင့်အတူ အားကစားရေးရာဝန်ကြီးဌာန ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးပြုလုပ်သည့် ၂၀၂၆ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်များအလိုက် အသက်(၂၅)နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ကျင်းပရာ တောင်ကြီးခရိုင် (အမျိုးသား/အမျိုးသမီး) အသင်းက ပထမဆုဖလားရရှိခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပထမဆုရရှိသည့် တောင်ကြီးခရိုင်အမျိုးသား / အမျိုးသမီးအသင်း၊ ဒုတိယဆုရရှိသည့် ကလောခရိုင်အမျိုးသားအသင်းနှင့် လားရှိုးခရိုင်အမျိုးသမီးအသင်း၊ ပူးတွဲတတိယဆုများရရှိခဲ့ကြသည့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသား / အမျိုးသမီးအသင်း၊ တာချီလိတ်ခရိုင်အမျိုးသားအသင်း၊ မိုင်းဆတ်ခရိုင်အမျိုးသမီးအသင်းတို့အားလည်းကောင်း၊ ဆက်လက်ပြီး ပြိုင်ပွဲတွင်အကောင်းဆုံးဆုများရရှိခဲ့ကြသော အားကစားသမားနှင့် ပြိုင်ပွဲတွင်ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အားကစားသမားဆုရရှိသည့် အားကစားသမားများအား ဂုဏ်ပြုဆုဖလားနှင့် ဆုငွေများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး ဆုရရှိခဲ့ကြသောအသင်းများအား ရှမ်းပြည်နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ထပ်ဆောင်းဂုဏ်ပြုချီးမြှင့်ငွေကျပ် စုစုပေါင်း ငွေကျပ် ၅၄ သိန်းအား ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# စဉ့်ကိုင်မြို့နယ်၌ အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲကျင်းပ

**စဉ့်ကိုင် မေ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်သော ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စဉ့်ကိုင်မြို့နယ် ဘယ်လင်းကျေးရွာအုပ်စု တောင်ဦးကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးက စက်ချုပ်နည်းပညာများကို အခြေခံနှင့် မွမ်းမံသင်ယူပြီး ခေတ်နှင့်အညီ ကျွမ်းကျင်သောပညာရပ်များကို ကြိုးစားသင်ယူကြရန် အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က စီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့် ကျေးရွာကော်မတီခေါင်းဆောင်တို့အား စီမံကိန်းလုပ်ငန်းများပေးအပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး၊တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတိုက်ကြည်တို့က မေ ၂၇ ရက်မှ မေ ၂၆ ရက်အထိ ဖွင့်လှစ်မည့် အခြေခံစက်ချုပ်နည်းပညာသင်တန်း တက်ရောက်မည့် သင်တန်းသူ ၁၅ ဦးအား သင်တန်းသုံးစက်ပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်စွာ (စဉ့်ကိုင်)

# သာယာဝတီမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**သာယာဝတီ မေ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူကာ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက ငဖြူကလေးကျေးရွာအုပ်စု၌ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေမင်းသူ၏ ကြီးကြပ်မှုဖြင့် လဝကဝန်ထမ်းများပါဝင်သောအဖွဲ့က ကျေးရွာအုပ်စုအတွင်းရှိ အသက်(၁၀) နှစ်အထက် ရပ်ကွက်နေပြည်သူများအား ဆောင်ရွက်ပေးသည်။

ကွင်းဆင်းဆောင်ရွက်ရာနေရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုနှင့်အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးရာ မြို့နယ်ဦးစီးမှူး ဦးဝေမင်းသူက လုပ်ငန်းများဆောင်ရွက်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် Biometric ကောက်ယူ၍ UID ကတ် ထုတ်ပေးခြင်းများကို သက်ဆိုင်ရာရပ်ကွက်များအလိုက် မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



သန့်ဇော် (ပြန်/ဆက်)



# လှိုင်မြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**လှိုင် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၁၀ နာရီကစတင်၍ အမှတ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကျော်နှင့် ဝန်ထမ်းများက အသက်(၁၀)နှစ်နှင့်အထက် မှတ်ပုံတင် အသစ်ပြုလုပ်ပေးခြင်း၊ အသက်(၁၈)နှစ်ပြည့် မှတ်ပုံတင်လဲလှယ်ခြင်း၊ ဟောင်းနွမ်းပျက်စီး မှတ်ပုံတင်ခြင်းများကို အသစ်လဲလှယ် ပြုလုပ်ပေးခြင်းများနှင့် ဇီဝဆိုင်ရာအချက်အလက်(Biometric) ကောက်ယူခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ မရမ်းကုန်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်သန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇော်ဇော်နိုင်(ပြန်/ဆက်)



မန္တလေးမြို့တွင် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေး ခုနစ်မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အပေါ့စားမီးသတ်စက်နှင့် မီးသတ်စက်ကြီးစွမ်းရည်ပြိုင်ပွဲ၊ လက်နက်မဲ့စစ်ရေးပြပြိုင်ပွဲနှင့် တစ်ဦးချင်းစွမ်းရည် Brave Heart ပြိုင်ပွဲများကို မေ ၂၇ ရက်မှစ၍ ချမ်းမြသာစည်မြို့နယ်ရှိ ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း တက်ရောက်အမှာစကားပြောကြားကာ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရှိန်းဝေမိုးက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားစဉ်။

မြို့နယ် (ပြန်/ဆက်)

*စာမျက်နှာ ၁၆ မှ*

ဖွံ့ဖြိုးတိုးတက်ရေးကို ထည့်တွက်ပြီး အခြေအနေကို သဘောပေါက်ရန်လိုအပ်သည်ဟု ယူဆပါသည်။

မိမိတို့ပြည်သူများအနေဖြင့် အထက်တွင်ဖော်ပြခဲ့သလို ရုပ်ပိုင်း၊ စိတ်ပိုင်းအင်အားများကို မြှင့်တင်တည်ဆောက်ထားရန် လိုအပ်သည်ဟု ယူဆပါသည်။ ပညာဗဟုသုတများစွာ ရှိရန်လိုအပ်ပါသည်။ မဝေးသောအတိတ်က မိမိတို့သည် အကြမ်းဖက်လမ်းစဉ်အောက်တွင် အကြမ်းဖက်မှုဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားခဲ့ကြပြီးပါပြီ။ ပွဲလန့်ဖျာခင်းသည်ကိုမမြင်၊ ကိုယ်တိုင်က အကောင်းအဆိုး၊ အကြောင်းအကျိုး ဝေဖန်ဆန်းစစ်မှုအပိုင်းတွင် အားနည်းခဲ့ကြသည်။ အသိအမြင်များ ဝေဝါးခဲ့ကြသည်ကို ဝန်ခံရမည်။

ပြည်တွင်းအဖြစ်အပျက်များသာမက နိုင်ငံတကာဖြစ်စဉ်များတွင်ပါ သုံးသပ်မှုများ အားနည်းခဲ့ကြသည်။ မိမိတို့ကိုယ်တိုင် ပြင်ရမည့် လေ့လာစရာများစွာရှိနေသည်ကို သဘောပေါက်ရမည်။ အဓိကအချက်က မိမိတို့လျှောက်လှမ်းနေသော လမ်းစဉ်နှင့် လမ်းခရီးကို ရှင်းရှင်းလင်းလင်း မြင်နေရန်နှင့် မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းရေးကို ဘယ်သူက အနှောင့်အယှက်ပြုနေသလဲဆိုတာ အမှန်အတိုင်း သိနေ၊ မြင်နေရန်ပါ။ သို့မှသာ ပြည်ပအင်အားကြီးများအကြား ဘယ်လိုအားပြိုင်မှုပဲဖြစ်ဖြစ် အသုံးချခံမဖြစ်ဘဲ မှန်သည့်ဘက်မှရပ်တည်ပြီး စိန်ခေါ်မှုမှန်သမျှ အောင်အောင်မြင်မြင် ဖြေရှင်းသွားနိုင်မည်ဖြစ်ပါသည်။ ॥

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့။**

# ၂၀၂၆ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူ လူငယ်များအတွက် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ စတင်ဖွင့်လှစ်

**နေပြည်တော် မေ ၂၇**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ် မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလ အတွင်း အသိပညာများတိုးပွားစေရန်၊ အားလပ်ရက်များကို အကျိုးရှိစွာ အသုံးချနိုင်စေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်၊ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ အရေးပါကြောင်း လူငယ်များသိရှိနားလည်စေရန်၊ လှေလှော်အားကစားနည်း၊ ရွက်တိုက်အားကစားနည်းများအတွက် ထူးချွန်သည့် အားကစားသမားများ မွေးထုတ်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် တပ်မတော်(ရေ)က ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအတွက် ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၆)နှင့်ရေကြောင်း လူငယ်တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၆)တို့ကို ယနေ့တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီး၌ ဖွင့်လှစ်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားများသို့ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများတွင် တပ်မတော်(ရေ)သမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သား ဘာသာရပ်၊ ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သားအချက်ပြ ဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို စာတွေ့/လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းစခန်း ၁၃ ခုမှ သင်တန်းသား သင်တန်းသူများအား သင်တန်းစတုတ္ထပတ်၌ ရန်ကုန်မြို့တွင်စုစည်း၍ စခန်းပေါင်းစုံတွေ့ဆုံပွဲ၊ ဘာသာရပ်ဆိုင်ရာ စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။

ထို့အပြင် လေ့လာရေးခရီးစဉ်များအဖြစ် နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများ၊ တပ်မတော်လေယာဉ်နှင့် စစ်ရေယာဉ်များလေ့လာရေးများအပြင် စစ်ရေယာဉ်ဖြင့် ရန်ကုန်မြစ်ဝသို့ ရေလမ်းကြောင်း လေ့လာရေးခရီးစဉ်ပို့ဆောင်ခြင်းများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများနှင့် တပ်မတော်(ရေ) ပြကွက်များအား လှည့်လည်ကြည့်ရှုပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

သင်တန်းဖွင့်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးမြို့၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဟိုင်းကြီးကျွန်းမြို့နှင့် ပုသိမ်မြို့၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဟိန်းဇဲဒေသ၊ မြိတ်မြို့နှင့် ကျွန်းစုမြို့၊ ကရင်ပြည်နယ်တွင် ဘားအံမြို့နှင့် ရှမ်းပြည်နယ်တွင် ကျိုင်းတုံမြို့တို့ရှိ ရေကြောင်းလူငယ်စခန်းများ၌ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၈၀၀ ဖြင့် ဖွင့်လှစ်ကြသည်။

အဆိုပါ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၆) ကို ယနေ့မှ မေ ၂၉ ရက်အထိ ရက်သတ္တ ငါးပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ယင်းသင်တန်းများကို ၁၉၅၉ ခုနှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အထိ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၅၅၀ တို့အား ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လေကြောင်းပညာသမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့်အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှုတိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သောပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှု ကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ရရှိစေရန်နှင့် လူငယ်များ၏ ဝါသနာပါရာ လေ့ကျင့်မှုအနေဖြင့် မြှင့်တင်ပေးရန်၊ မျိုးဆက်သစ်လူငယ်မောင်မယ်များကို ယုံကြည်ချက်၊ ခံယူချက်မြင့်မားမှန်ကန်စေပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သင်တန်းစခန်းအပါအဝင် သင်တန်းစခန်း ၂၀ ၌ ကျင်းပသည်။

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁၀) နေပြည်တော်သင်တန်းစခန်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းက သင်တန်းဖွင့်မိန့်ခွန်း ပြောကြားသည်။ ထို့နောက် သင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်၍ ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများနှင့် တပ်မတော်(လေ)ပြကွက်များအား လှည့်လည်ကြည့်ရှုပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခြေခံလေကြောင်းလူငယ်သင်တန်းတွင် လေကြောင်းပညာသမိုင်း၊ လေကြောင်းလူငယ်သမိုင်း၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရား၊ RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်းနှင့် အခြေခံစစ်ရေးပြ(လက်နက်မဲ့) ဘာသာရပ်များ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ တန်းမြင့်လေကြောင်း လူငယ်သင်တန်းတွင် လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတ၊ Airfield Procedure၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ Flight Simulator မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ(လက်နက်ပါ)၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန် ဘာသာရပ်များ ထည့်သွင်းပို့ချပေးသွားမည်ဖြစ်ပြီး တပ်မတော်(လေ)တွင်ရှိသော ပျံသန်းရေးအုပ်များ ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံများတွင် လက်တွေ့ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် သင်တန်းစခန်းများအလိုက် ထူးချွန်သင်တန်းသားများကို အမောင်းသင် လေယာဉ်/ ရဟတ်ယာဉ်များအား နည်းပြဆရာများနှင့်အတူ ကိုယ်တိုင်လိုက်ပါမောင်းနှင် ပျံသန်းခွင့်ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ နေပြည်တော်ကောင်စီနယ်မြေ၌ စုဖွဲ့ချိန်တွင်လည်း အခြေခံလေကြောင်းလူငယ်သင်တန်းသားများအား အခြေခံစစ်ရေးပြ(လက်နက်မဲ့) ပြိုင်ပွဲ၊ RC Simulator နှင့် RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်းပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်ပြီး တန်းမြင့်လေကြောင်းလူငယ်သင်တန်းသားများအား အခြေခံစစ်ရေးပြ(လက်နက်ပါ)ပြိုင်ပွဲ၊ Flight Simulator နှင့် RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်းပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်သည်။

သင်တန်းကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများ၊ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များကို လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး တပ်မတော်လေယာဉ်နှင့် တပ်မတော်စစ်ရေယာဉ်များကိုပါ လိုက်ပါစီးနင်းခွင့်ရရှိအောင်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်၍ သင်တန်းသားများအနေဖြင့် အတွေ့အကြုံအသစ်များ၊ ဗဟုသုတအသစ်များရရှိမည်ဖြစ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းနှင့် မိတ္ထီလာသင်တန်းစခန်း၊ မန္တလေးမြို့တွင် မန္တလေးသင်တန်းစခန်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့တွင် မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်း၊ မင်္ဂလာဒုံမြို့တွင် ရန်ကုန်သင်တန်းစခန်း၊ ကိုကိုးကျွန်းမြို့တွင် ကိုကိုးကျွန်းသင်တန်းစခန်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မော်လမြိုင်သင်တန်းစခန်း၊ ရှမ်းပြည်နယ် နမ့်စန်မြို့တွင် နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးမြို့တွင် တောင်ကြီးသင်တန်းစခန်း၊ ကျိုင်းတုံမြို့တွင် ကျိုင်းတုံသင်တန်းစခန်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် တောင်ငူသင်တန်းစခန်း၊ ပြည်မြို့တွင် ပြည်သင်တန်းစခန်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မြစ်ကြီးနားသင်တန်းစခန်း၊ ကယားပြည်နယ် လွိုင်ကော်မြို့တွင် လွိုင်ကော်သင်တန်းစခန်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြိတ်သင်တန်းစခန်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် မကွေးသင်တန်းစခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် မုံရွာသင်တန်းစခန်း၊ ဟုမ္မလင်းမြို့တွင် ဟုမ္မလင်းသင်တန်းစခန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပုသိမ်သင်တန်းစခန်းတို့အား တစ်ပြိုင်နက်တည်း ဖွင့်လှစ်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ လေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများက တက်ရောက်ကြသည်။

အဆိုပါအခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)အား သင်တန်းစခန်း ၁၈ ခု၊ သင်တန်းသား ၉၂၈ ဦးဖြင့်လည်းကောင်း၊ တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) အား သင်တန်းစခန်း နှစ်ခု၊ သင်တန်းသား ၁၁၆ ဦးတို့ဖြင့်လည်းကောင်း ယနေ့မှ မေ ၂၉ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများအား သင်တန်းသားများက လှည့်လည်ကြည့်ရှုစဉ်။

## (၂၇-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၈,၃၆၈,၀၆၀.၀၈ | ၁,၉၀၆,၀၁၆.၀၀ | ၂၉၃၇,၅၇၆.၈၂ | ၁,၄၂၀,၀၀၀.၀၀ |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | ၂,၂၃၉,၃၄၅.၁၆ | |


ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ် အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေသြဇာ၊ တိရစ္ဆာန်အစာ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၁ သန်းကို လည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၁ သန်းကို လည်းကောင်း၊ ဗဟိုဘဏ်မှ ကား/ဆိုင်ကယ်အပိုပစ္စည်းကဏ္ဍ၊ စက်မှုကုန်ကြမ်းကဏ္ဍ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများကဏ္ဍနှင့် Non Trade ကဏ္ဍတို့သို့ ထိုင်းဘတ် ၂ ဒသမ ၂၄ သန်းကို လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

❑ *ကျောဖုံးမှ*

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်တွင် အဆိုပါ ရပ်ကွက်အတွင်း နေအိမ်တစ်လုံး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်လျက်ရှိသည့် တရုတ်နိုင်ငံသား အမျိုးသား ရှစ်ဦး၊ တရုတ်နိုင်ငံသား ထိုင်ဝမ်လူမျိုး အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၇ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် All In One Computer ၂၃ လုံး၊ မော်နီတာ တစ်လုံး၊ SYSTEM ပုံး တစ်လုံး၊ ဖုန်းမျိုးစုံ ၅၂ လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သောကြောင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုကျူးလွန်သူ စုစုပေါင်း ၅၂ ဦးနှင့် လုပ်ငန်းသုံးပစ္စည်းများအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖမ်းဆီးရမိသော တရားမဝင်အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




တာချီလိတ်မြို့အတွင်း အွန်လိုင်းလောင်းကစားလုပ်ငန်းနှင့် အွန်လိုင်းငွေလိမ်လုပ်ငန်း လုပ်ကိုင်သူများ ဖမ်းဆီးရမိသည့် နေရာများပြပုံ။



တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)ရပ် လိုမာဟိုတယ်အနီးရှိ နေအိမ်၌ဖမ်းဆီးရမိခဲ့သည့် မြန်မာနိုင်ငံသား အမျိုးသမီးခြောက်ဦး ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။




တရုတ်နိုင်ငံသား ထိုင်ဝမ်လူမျိုး အမျိုးသမီး တစ်ဦး ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



မြန်မာနိုင်ငံသား အမျိုးသမီး ခုနစ်ဦး ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။




တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)၌ တရားမဝင် အွန်လိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း) တရားမဝင် အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၂၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“အုပ်ချုပ်ရေးစနစ်ပြောင်းလဲခဲ့ပေမယ့် အဖျက်အမှောင့်နဲ့ အပြစ်မဲ့ပြည်သူကို ခြိမ်းခြောက်သတ်ဖြတ်ရေး အလုပ်တွေကိုသာ အရှိန်မပျက်လုပ်နေဆဲ အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ၆-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ၁၃-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“PDF အမည်ခံအဖွဲ့စည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်များနဲ့ အစိုးရသစ်ကြားမှာ ငြိမ်းချမ်းခြင်းနေ့သစ်တွေ မြင်တွေ့ရတော့မှာလား”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။

အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

## “တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း”

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါ အခွင့်အရေးများ၊ နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍ သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ **တိုင်ကြားမှုကို ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာ ဖြစ်သော info@mnhrc.org.mm တို့မှ တစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## ချိန်ခါမရွေးသတိပေး မီးဘေးသတိပြု

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ လူနေရပ်ကွက်အမှတ် (ကံဘဲ့)၊ (၁၄)ရပ်ကွက်၊ ရတနာလမ်း၊ ခြံအမှတ် (၂၀)၊ မြေကွက်အမှတ် (၅၁/ခ)၊ အကျယ်အဝန်း (၄၀ပေ × ၇၅ပေ)ရှိ ဦးစိုးနိုင်ဝင်း (၁၂/ဗတထ (နိုင်) ၀၃၁၁၄၆) နှင့် ဒေါ်အေးအေးသွယ် (၁၂/တမန (နိုင်) ၀၅၆၁၇၅)တို့အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဦးစိုးနိုင်ဝင်း နှင့် ဒေါ်အေးအေးသွယ် တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဉက္ကာထက် (၅/ကလတ (နိုင်) ၀၉၂၄၀၂)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်( အရှေ့ပိုင်း )မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၁၃၈ )၊မြေကွက်အမှတ်( ၃၃၅ )၊အကျယ်အဝန်း( ၄၀ပေ× ၆၀ပေ )ရှိ ဦးကျော်သန်းလှ ( ၁၂/အစန(နိုင်) ၀၉၇၆၉၀ )အမည်ပေါက်ပါမစ်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်အေးမြတ်သူ (၁၂/ဒဂမ(နိုင်)၀၂၃၇၄၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဇင်မာခိုင် ( ၅/ရဘန(နိုင်) ၁၉၁၉၆၉ )ကဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၇ )ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးထိန်လင်းသန်း**
**LL.B, D.B.L, D.I.L, D.M.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

**ဒေါ်ပြည့်ပြည့်ဖြိုး**
**LL.B, D.B.L, D.I.P.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)

ဖုန်း:- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

❂ *ကျောဖုံးမှ*

အဆိုပါ လူငယ်မျိုးဆက်သစ် ကစားသမားများအနေဖြင့် နပန်းအားကစားနည်းကို စိတ်ဝင်စားမှုရှိ၍ အသက် ၂၀ အောက် ကျန်းမာကြံ့ခိုင်ကာ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်ဖြစ်ပြီး မြန်မာ့နပန်းလက်ရွေးစင်ဖြစ်သည်အထိ ကြိုးစားအားထုတ်လိုသူ အမျိုးသား၊ အမျိုးသမီးများ လာရောက်လျှောက်ထားနိုင်ကာ ရွေးချယ်ခံရသည့် သင်တန်းသားများအနေဖြင့် သင်တန်းကို အခမဲ့တက်ရောက်နိုင်မည်ဖြစ်သည်။

အဆိုပါသင်တန်းကို မေလတွင် စတင်ဖွင့်လှစ်ပြီး စခန်းသွင်းလေ့ကျင့်ပေးမည်ဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ်ရုံးသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ်အနေဖြင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် နပန်းအားကစားသမားများစွာကို မွေးထုတ်ပေးထားပြီး ယနေ့အထိ စုစုပေါင်း ရွှေငါးခု၊ ငွေရှစ်ခု၊ ကြေး ၂၈ ခုရရှိထားပြီး နိုင်ငံ့ဂုဏ်ကို နပန်းအားကစားနည်းဖြင့် မြှင့်တင်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်သီတာမွန်ထံမှ သိရသည်။

**သတင်း - ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - နပန်းအဖွဲ့ချုပ်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
### စိုက်ပျိုးရေးသုတေသနဦးစီးဌာန
### နေပြည်တော်- ရေဆင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ အောက်ပါ တည်ဆောက်ရေးလုပ်ငန်း (၁)ခုနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်း (၁)မျိုးတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

(က) အုတ်တံတိုင်းခြံစည်းရိုးကာရံခြင်း ဇေယျာသီရိမြို့နယ်
(အလျား ၁၇၀၀'၊ အမြင့် ၆'၊ အပေါ် သွပ်ဆူးကြိုး အမြင့် ၁.၅'၊ မြေဝင် ၂'၊ တိုင် ၉" x ၉" RC တိုင်)

(ခ) ဓာတ်ခွဲခန်းသုံးပစ္စည်း (၁)မျိုး ဇေယျာသီရိမြို့နယ်
Laboratory Flour Mill (1 No)

၂။ **အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ စတင်ရောင်းချမည့်ရက်** - ၂၇-၄-၂၀၂၆ (ရုံးချိန်အတွင်း)

၃။ **အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်နေရာ** - စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရုံးချုပ်) စီမံခန့်ခွဲရေးနှင့်ပြင်ဆင်ထိန်းသိမ်းရေးဌာနစု

၄။ **အိတ်ဖွင့်တင်ဒါလျှောက်လွှာ အရောင်းပိတ်ရက်** - ၁၁-၅-၂၀၂၆ ရက်၊ ညနေ (၁၆:၃၀)နာရီ

၅။ **အိတ်ဖွင့်တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၈-၅-၂၀၂၆ ရက်၊ ညနေ (၁၆:၃၀)နာရီ

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၆၅၉၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်အား အဆိုပြုလွှာတင်သွင်းသူများထံ အကြောင်းကြားပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/53069 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်တင် ၉/ခအဇ(နိုင်)၀၂၄၇၂၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/75698 WANQIANG-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၁၂/ရပသ(နိုင်) ၀၅၅၀၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3S/7268 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဝင်း ၁၃/ဟပတ(နိုင်) ၀၂၃၅၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၁၅ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၄၇၂၉၀ ယာဉ်လက်ဝယ်ရှိသူ ဦးသူထက်အောင် ၆/ပလန(နိုင်)၀၉၇၈၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် U/3183, RACE HORSE YRH-3A 3WHEEL MC TRUCK(3x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်အေး ၈/ပခက(နိုင်) ၀၂၈၇၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/56243, Kenbo X-125, M/C ယာဉ်လက်ဝယ်ရှိသူ Aung Kan Bo Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သရက်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၉၅၈၅၆ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းရွှေ ၁၀/မဒန(နိုင်)၀၂၁၂၃၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၄၇၄၆၇ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုမောင် ၉/အမဇ(နိုင်)၀၁၂၀၂၂က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/68438 Kenbo Wave 6 - 110 ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းထက် ၉/ခမစ(နိုင်)၀၇၂၁၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## အများသိစေရန်ကြော်ငြာခြင်း

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇-မောင်ငံ)၊ ဦးပိုင်အမှတ် (၃၇/၂၀)၊ ဧရိယာ(၀ဒသမ၀၅၃) ဧကရှိမြေသည် မြို့နယ်မြေစာရင်းဦးစီးဌာန၏ (၁-က)စာရင်းတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေခွန်တော်အမှုတွဲအမှတ် (V)၇၄၅/၁၉၉၃-၁၉၉၄ အရ ဒေါ်အေးမျှင် နှင့်ဦးစက်ဟန်တို့ (၂) ဦး အမည်ဖြင့် နှစ်ရှည်မြေငှားဂရန် ရရှိထားပြီး ဂရန်သက်တမ်းမှာ (၂၃-၄-၂၀၂၅) ရက်တွင် ကုန်ဆုံးခဲ့ပြီးဖြစ်ပါသည်။ မူလအမည်ပေါက်သူ ဒေါ်အေးမျှင်နှင့် ဦးစက်ဟန်တို့(၂)ဦးထံမှ ဦးထင်ကျော်လင်းနှင့် ဒေါ်လွင်မာမင်းဦးတို့(၂)ဦးသည် စာချုပ်ဖြင့် ၀ယ်ယူပိုင်ဆိုင်လာပြီး ဦးထင်ကျော်လင်းနှင့် ဒေါ်လွင်မာမင်းဦးတို့(၂)ဦးမှ ဒေါ်အေးမျှင်နှင့် ဦးစက်ဟန်တို့(၂)ဦးအား မော်လမြိုင်မြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၊ ၃၅/၂၀၂၃ အရ အရောင်းအ၀ယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ ဦးထင်ကျော်လင်းနှင့် ဒေါ်လွင်မာမင်းဦးတို့ (၂) ဦးမှ အနိုင်ဒီဂရီရရှိခဲ့ပြီး မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ နှစ်ဦးသဘောတူ မြေကွက် အပြီးအပိုင် အရောင်းအ၀ယ် ကတိစာချုပ်အမှတ် ၊ ၅/၂၀၂၅ အရ တရားဝင်စာချုပ်ချုပ်ဆိုခဲ့သဖြင့် ဦးထင်ကျော်လင်းနှင့် ဒေါ်လွင်မာမင်းဦးတို့ (၂) ဦးမှ တရားဝင်ပိုင်ဆိုင်လာပြီး မြေငှားဂရန် အမည်ပြောင်းလျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကြေညာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေငှားဂရန် အမည်ပြောင်းလျှောက်ထားလာခြင်းကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခုဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံ ငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ( ၂၈- ၄ - ၂၀၂၆ ) ရက်မှ ( ၁၁ - ၅ - ၂၀၂၆ ) ရက်ထိ (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** | - | ( ၁၄ - ၅ - ၂၀၂၆ ) ရက် နံနက်၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီထိ |
| **တင်ဒါတင်သွင်းရမည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ ကင်မလင်းကျွန်း လမ်းမကြီး၊ အမှတ်(၃)ရပ်ကွက်၊ ပုသိမ်မြို့ |
| **တင်ဒါဖွင့်ဖောက်မည့်ရက်** | - | ထပ်မံကြေညာပါမည် |

၂။ တင်ဒါလျှောက်လွှာများနှင့် အသေးစိတ်အချက်အလက်များအား ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ (ဆက်သွယ်ရန်ဖုန်း - ၀၉ ၇၉၇ ၅၈၉ ၃၂၉)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁ / ၂၀၂၆-၂၀၂၇)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-001(26-27)CAP | Tractor, Trailer & CNG Jumbo Tube (1) Lot | Ks |
| (၂) | DMP/L-002(26-27)CAP | SL-120 Single Purpose Swivel (1) Set | Ks |
| (၃) | DMP/L-003(26-27)CAP | YG-110 Travelling Block with Hook (2) Sets | Ks |
| (၄) | DMP/L-004(26-27)CAP | Spares for Drilling Strings and Accessories (1) Lot | Ks |
| (၅) | DMP/L-005(26-27)CAP | Assorted sizes of Hydraulic Hose for Disc Brake Units And Friction Disc (1) Lot | Ks |
| (၆) | DMP/L-006(26-27)CAP | 2900 Series Wellhead and Christmas Tree Equipment (2) Sets | Ks |
| (၇) | DMP/L-007(26-27)CAP | 1500 Series Wellhead and Christmas Tree Equipment (2) Sets | Ks |
| (၈) | DMP/L-008(26-27)CAP | Echometer Digital Well Analyzer Complete Set & Accessories (1) Set | Ks |
| (၉) | DMP/L-009(26-27)CAP | Set Up Gas Flow Meter Assembly for Each Gas Receiving Metering Station (11) Sets | Ks |
| (၁၀) | DMP/L-010(26-27)CAP | Set Up Gas Flow Meter Assembly for the Main CNG Gas Distribution Station (22) Sets | Ks |
| (၁၁) | DMP/L-011(26-27)CAP | Skid Mounted Mud Pump with Engine and Accessories | Ks |
| (၁၂) | DMP/L-012(26-27)CAP | Skid Mounted Water Transfer Pump with Engine and Motor (2) Items | Ks |
| (၁၃) | DMP/L-013(26-27)CAP | Spares for F-1600 Mud Pump Ex ZJ 70L Sr I & II Drilling Rigs (2) Groups | Ks |
| (၁၄) | DMP/L-014(26-27)CAP | Spares for 3NB 1300 C Mud Pump Ex ZJ 50D Sr II Drilling Rig (2) Groups | Ks |
| (၁၅) | DMP/L-015(26-27)CAP | Assorted Kinds of Shaker Screen for Shaker Unit Ex Drilling Rig (4) Groups | Ks |
| (၁၆) | DMP/L-016(26-27)CAP | Spares for SJS Serva Cementing Unit (2) Groups | Ks |
| (၁၇) | DMP/L-017(26-27)CAP | Spares for BJ Cementing Unit (4)Groups | Ks |
| (၁၈) | DMP/L-018(26-27)CAP | Spare Parts for GM 6V 53 & GM 6V 71 Engine, MT 653 & HT 750 DRD Allision Transmission and Kenworth Oil Field Truck (5) Groups | Ks |
| (၁၉) | DMP/L-019(26-27)CAP | Pig Launcher and Receiver (Complete Set) for 14” Natural Gas Pipeline (10Set | Ks |
| (၂၀) | DMP/L-020(26-27)CAP | Spare Parts for Safe Compressor (MP,HP,LP) (3) Groups | Ks |
| (၂၁) | DMP/L-021(26-27)CAP | Spare Parts for Cat G-3508 and Cat G-3412 Gas Engine (2) Groups | Ks |
| (၂၂) | DMP/L-022(26-27)CAP | Spare Parts for Perkin Gas Engine (39) Items | Ks |
| (၂၃) | DMP/L-023(26-27)CAP | Hollow Cathode Lamps (HCL) for Atomic Absorbtion Spectrophotometer and Laboratory Equipment (2) Groups | Ks |
| (၂၄) | DMP/L-024(26-27)CAP | Electronic Flow Measurement System Revamping, Services And Spare Parts for Ywama Gas Distribution Station (1) Lot | Ks |
| (၂၅) | DMP/L-025(26-27)CAP | Electronic Flow Measurement System Revamping, Services And Spare Parts for 24” Pipe Line Center (Daw Nyein) (1) Lot | Ks |
| (၂၆) | DMP/L-026(26-27)CAP | Accessories for Communication and Information Technology (4) Groups | Ks |
| (၂၇) | DMP/L-027(26-27)CAP | License for MOGE’S Email System ,Support and Maintenance Devices (4) Groups | Ks |
| (၂၈) | DMP/L-028(26-27)CAP | Geology Workstation and Accessories (3) Items | Ks |
| (၂၉) | DMP/L-029(26-27)CAP | Seismic Data Interpretation Software (1) Lot | Ks |
| (၃၀) | DMP/L-030(26-27) | Bridge Plug (2) Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၂၈-၄-၂၀၂၆** ရက်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် (၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၁၅-၅-၂၀၂၆ ရက်နေ့(၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ ရတနာခန်းမ၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊**
**ဖုန်း၊ ၀၆၇-၃၄၁၁၂၀၆**

## အများသိရှိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ ၇၃လမ်း၊ ၁၀၂(အေ)လမ်းx၁၀၇လမ်းကြားရှိ မင်္ဂလာမန္တလေးစီမံကိန်းအတွင်းရှိ ဦးပိုင်(၆၄-ခ)မြေချိန်ဧရိယာ(၁.၁၂၁)ဧကပေါ်တွင်ရှိသော Mingalar Tower အတွင်းရှိ (၅)လွှာ၊ အခန်းအမှတ်(၅)၊ အကျယ်အဝန်း(၆၂၄)စတုရန်းပေရှိ တိုက်ခန်းသည် ဒေါ်ကျင်ဖူးအမည်ဖြင့် (၂-၈-၂၀၂၅) ရက်က ဝယ်ယူပိုင်ဆိုင်ခဲ့သော တိုက်ခန်းဖြစ်ပါသည်။ ယခုအခါ အမည်ပေါက်သူ ဒေါ်ကျင်ဖူးသည် (၁၇-၁-၂၀၂၆) ရက်က ကွယ်လွန်သွားခဲ့ပါသည်။ သို့ပါသောကြောင့် အမည်ပေါက်သူ၏ ညီမအရင်းဖြစ်သူ ဒေါ်ကျင်လန် (ဘ) ဦးကွယ်ရှင်း (၁၃/လရန(နိုင်)၁၇၆၁၁၅)မှ လက်ရှိလက်ရောက် တရားဝင်အမွေဆက်ခံပိုင်ဆိုင်နေထိုင်လျက်ရှိပါကြောင်းနှင့် ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပါကြောင်း ဝန်ခံကတိပြုပြောဆိုခဲ့ပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၁၀) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အမွေဆက်ခံခြင်းကိစ္စအား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကျင်လန်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းဆိုင်ပွဲ (ခ) ဒေါ်ခိုင်ဇာထွန်း (LL.B)**
**စဉ်-၁၆၂၂၃၊**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၀-၁၀/၆၃)၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၃၀၁၁၉၁၆၊ ၀၉-၇၇၆၅၁၁၆၆၀၊ ၀၉-၂၅၉၀၀၁၀၅၆၊ ၀၉-၄၄၄၀၁၇၆၈၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေ အမိန့် -၅ ၊ နည်းဥပဒေ- ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁၇

| | | |
|---|---|---|
| ဦးဝင်းလှိုင် | **နှင့်** | ဒေါ်ခင်ဆွေ |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(အ-၉/၄၈)၊ ၆၄-၆၅လမ်း၊ ၁၁၈-၁၁၉ လမ်းကြား၊ (ဂ)ရပ်ကွက်နေ - ဒေါ်ခင်ဆွေ(ဘ)ဦးချစ်ညွှန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

